MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 6, June 2023

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

● ရန်ကုန်၊ ဇွန်လ(၁)ရက်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုနှစ် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု

စာမျက်နှာ(၂)သို့

















မျက်နှာဖုံးသတင်း•••မှအဆက်

ရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ဘောလုံးပြိုင်ပွဲ၌ မိမိတို့ အမျိုးသား၊ အမျိုးသမီးအသင်း နှစ်သင်းလုံးသည်အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ကြသည်မှာ ပြည်သူတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပါကြောင်း၊ မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အကြိုဗိုလ်လုပွဲ၌ အာဆီယံတွင် အင်အားကြီးထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲကိုပြန်လည်တက်လှမ်းနိုင်ခဲ့သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုပေးစွမ်းနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ထူးခြားချက်အနေဖြင့် မြန်မာနိုင်ငံအနေနှင့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများကို ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်အများဆုံးရယူပေးနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုနှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံက ပြိုင်ပွဲဝင်ကစားသမားအင်အား ၆၂၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နေဖြင့် ပြိုင်ပွဲဝင် အင်အား ၈၀၀ ကျော်စီ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အင်အား ၇၀၀ ကျော်၊ မလေးရှားနိုင်ငံအနေဖြင့် အင်အား ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအို၊ စင်္ကာပူနိုင်ငံတို့အနေဖြင့် အင်အား ၅၀၀ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အားကစားသမား အင်အား ၃၄၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အလားတူ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မှုအနေဖြင့်လည်း အိမ်ရှင်နိုင်ငံက ထည့်သွင်းကျင်းပသည့် အားကစားနည်း ၃၆ နည်းတွင် အိမ်ရှင်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံ နှစ်နိုင်ငံက အားကစားနည်းအားလုံး ရာနှုန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံများအနေဖြင့် အားကစားနည်း ၃၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် အားကစားနည်း ပါဝင်ယှဉ်ပြိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အားကစားသမား ပါဝင်ယှဉ်ပြိုင်မှုအချိုးအစားကို တွက်ကြည့်ရင်လည်း အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအင်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ မိမိနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်း တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှု ရာခိုင်နှုန်းသည် (၂၇)ကြိမ်မြောက် ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉)ကြိမ်မြောက် ပြိုင်ပွဲ၌ ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ အကြိမ်(၃၀)မြောက်ပြိုင်ပွဲ၌ ၇ ဒသမ ၆၆ ရာခိုင်နှုန်း၊ (၃၁)ကြိမ်မြောက် ပြိုင်ပွဲ၌ ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပြီး ယခု(၃၂)ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း အမြင့်မားဆုံးပြိုင်ပွဲဖြစ်သည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရခြင်းအတွက် ဝမ်းသာဂုဏ်ယူမိသကဲ့သို့ မြန်မာနိုင်ငံသား အားလုံးက လိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါ













ကြောင်း၊ အလားတူ အရှိန်အဝါကြီးခဲ့သောအစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များလွှမ်းနိုင်အောင် ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ တိုက်တွန်းလိုပါကြောင်း။ နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွင့်ပျံ့အောင် စွမ်းဆောင် ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၅ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက်ရော အားကစားသမား အရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက်ပိုမိုအောင်မြင်မှု ရရှိစေရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များကို ကြိုတင်အသိပေး မှာကြားလိုပါကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကိုတိုင်းတာသည့် အားကစားပြိုင်ပွဲကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင်လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံပြီး အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက် ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆု ရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်အိုက်စိုးလင်း၊ မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်၊ မောင်မနားကွီးနှင့် မောင်တင်ထူးဇော်၊ မောင်အောင်ခိုင်လင်း၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်ရာဇာထွန်း၊ ဗိုဗီနမ်(ခွန်ဘိုကာတာ) ကစားနည်းမှ မောင်ပိုင်ဇေယျာဖြိုး၊ မောင်အံ့ဘွယ်ငြိမ်း၊ မနီလာစိုးဦး၊ ဗိုဗီနမ်(အားနစ်)ကစားနည်းမှ မောင်စည်သူမောင်၊ မောင်ဇော်သက်၊ မောင်ရဲဇော်မိုး၊ မောင်မျိုးထွန်းအံ့၊ ခြင်းလုံးအားကစားနည်းမှ Same Stroke Event-2 အမျိုးသမီးအသင်း၊

စာမျက်နှာ(၄)သို့













စာမျက်နှာ(၃)သတင်း•••မှအဆက်

Linking (Preliminary) Event-3 အမျိုးသား၊ အမျိုးသမီးအသင်း၊ Non Repetition Secondary Event-4 အမျိုးသားအသင်း၊ Non Repetition Secondary Event-4 အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း၊ ကွင်းသွင်းကစားနည်းမှ အမျိုးသားအသင်း၊ ကွင်းသွင်းခြင်းကစားနည်းမှ အမျိုးသမီးအသင်း၊ ဘိလိယက်/စနူကာ အားကစားနည်းမှ ဦးပေါက်စ၊ မောင်မောင်(ခ)ဘုန်းမြင့်ကျော် (ကိုယ်စား) အားကစားသမားတစ်ဦး၊ မောင်သော်ဇင်ထက်၊ ဝူရှူးအားကစားနည်းမှ မစန္ဒီဦး၊ ရိုးရာလေ့အသက်(၂၄)နှစ်အောက် အမျိုးသားငါးယောက်လှော် မီတာ ၂၅၀ အားကစားအသင်း၊ တိုက်ကွမ်ဒို အားကစားနည်းမှ မောင်ကျော်မင်းနိုင်၊ အလေးမအားကစားနည်းမှ မဇင်မေဦး၊ ပီတန်းအားကစားနည်းမှ မခင်ချယ်ရီသက်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးဆုအဖြစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကိုလည်းကောင်း၊ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်တင်ထူးဇော်၊ မအိန္ဒြေဖူးမနှင်းသက်ဝေ၊ဗိုဗီနမ်(ခွန်ဘိုကာတာ) အားကစားနည်းမှ မနီလာစိုးဦး၊ မသီရိဝင်းကျော်၊ ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ မမိုးမိုးအေး၊ ပိုက်ကျော်ခြင်းအားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ခြင်းလုံးအားကစားနည်း၊ ရိုးရာလေ့၊ ဝူရှူးအားကစားနည်း၊ ခွန်ခမာအားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ ဘောလုံးအားကစားနည်း၊ ကြက်တောင်၊ ဗိုဗီနမ်အားကစားနည်း၊ ဘိလိယက်/စနူကာ၊ တိုက်ကွမ်ဒိုအားကစားနည်း၊ အလေးမ အားကစားနည်း၊ လက်ဝှေ့အားကစားနည်း၊ စစ်တုရင်အားကစားနည်း၊ ပြေးခုန်ပစ်အားကစားနည်း၊ ခရစ်ကက်အားကစားနည်း၊ E Sports အားကစားနည်း တို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားများ၊ နည်းပြများနှင့်အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်း ၁၉ နည်းမှ ဗိုဗီနမ်၊ ဗိုဗီနမ်(ခွန်ဘိုကာတာ)၊

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ











● နေပြည်တော်၊ ဇွန်လ(၂)ရက်။

တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြေးခုန်ပစ် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့က ညနေပိုင်းပွဲစဉ်များအဖြစ် မီတာ ၄၀၀x၄ လက်ဆင့်ကမ်း

စာမျက်နှာ(၆)သို့





ဗိုဗီနမ် (အားနစ်)၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့်စနူကာ၊ ပီတန်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ရိုးရာလှေ၊ အလေးမ အားကစားနည်းရှစ်နည်း၌ ရွှေတံဆိပ် ၂၁ ခုရရှိခဲ့ကြောင်း၊ ကျန်အားကစား ၁၁နည်းအနက် ဘော်လီဘောနှင့် တင်းနစ် အားကစားနည်းများမှလွဲပြီး ကျန်အားကစားနည်း ကိုးနည်းမှာ ငွေတံဆိပ် ၂၅ ခုနှင့် ကြေးတံဆိပ် ၆၈ ခုရရှိခဲ့ကြောင်း၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အားကစားနည်းများသည်လည်းပြိုင်ပွဲများ၌ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် နောက်ဆုံးဗိုလ်လုပွဲ အဆင့်အထိ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး အမျိုးသားဘောလုံးအသင်း အနေဖြင့်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသည့် အနေဖြင့် တာဝန်ရှိသူများက မကြာခဏကြည့်ရှုအားပေးခဲ့သကဲ့သို့ ယခုအခါတွင်လည်း ဆုတံဆိပ် ရရှိခဲ့ကြသူများကို ထိုက်တန်စွာဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ရာ တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသား တစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီ ပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့်ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ သောင်းဖြစ်ကြောင်း သတင်းရရှိသည်။

■

















စာမျက်နှာ(၅)...မှအဆက်

(အမျိုးသား/အမျိုးသမီး)၊ လုံတံပစ် (အမျိုးသား/အမျိုးသမီး)၊ တန်းမြင့်ခုန် (အမျိုးသမီး)၊ မီတာ၁၀၀(အမျိုးသား/ အမျိုးသမီး)၊ မီတာ၁၅၀၀(အမျိုးသား/ အမျိုးသမီး)၊ သုံးဆင့်ခုန် (အမျိုးသား) ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသား တံခွန်စိုက်ဆုနှင့် အမျိုးသမီး တံခွန်စိုက်ဆု ရရှိခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်ပြီးနောက် စံချိန်အသီးသီးကို ချိုးနိုင်ခဲ့သည့် အားကစားသမားများအား ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မေလ (၂၉)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့အထိ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်း(၁၅)သင်း၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားအင်အားစုစုပေါင်း(၅၂၀)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားများအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇွန်လ(၂)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားများအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် (၉)နာရီခွဲတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Multipurpose Hall ၌ ကျင်းပခဲ့သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် အောင်ပွဲရအားကစားသမားများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ယခုလို ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ပေးသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြေးခုန်ပစ်အားကစားနည်းအနေဖြင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် မီတာ(၁၀၀၀၀) အပြေးပြိုင်ပွဲနှင့် (၂၀)ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတို့မှ ဆုရရှိခဲ့သည့်အတွက် အခြားပြိုင်ပွဲ အမျိုးအစားများတွင်လည်း ယခုကဲ့သို့ ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ ယခင်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့ကြသည့် ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၏ အားကစား စွမ်းဆောင်ခဲ့မှု သမိုင်းမှတ်တမ်းများကို ဖတ်ရှုလေ့လာရင်းဖြင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများကို လေးစားဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အပြင် ထူးချွန်သည့် နိုင်ငံဂုဏ်ဆောင် အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊လာမည့် (၂၀၂၅)ခုနှစ် ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခုနှစ်ထက် ဆုတံဆိပ်များ ပိုမိုရရှိပြီး အောင်မြင်မှုများရရှိအောင် ပိုမိုကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း၊ စိတ်ဓာတ်နှင့် ခံယူချက်သည် အရေးကြီးသည့်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိအားကစားနည်းကို ချစ်မြတ်နိုးစိတ်ထားရှိပြီး အနိုင်မခံ အရှုံးမပေးဘဲ မလျှော့သော ဇွဲ၊ စိတ်ဓာတ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် မြန်မာ့ပြေးခုန်ပစ် အားကစားကဏ္ဍတိုးတက်အောင်၊ နိုင်ငံ့ဂုဏ်ကို ထပ်ဆင့်မြှင့်တင်နိုင်အောင် ဆထက်ထမ်းပိုး ဆက်လက်ကြိုးပမ်းလေ့ကျင့်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက တတိယဆုများရရှိအောင် လေ့ကျင့်သင်ကြားပေးခဲ့သည့် တာဝေးနည်းပြ ဦးဩဂုတ်စတင်းနှင့် လမ်းလျှောက်နည်းပြဦးထွန်းတင်တို့ နှစ်ဦးအား ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းစီအားလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသား(၂၀)ကီလိုမီတာ လမ်း

စာမျက်နှာ(၈)သို့





















စာမျက်နှာ(၇)···မှအဆက်

လျှောက်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မောင်ပြည့်ဖြိုးထွန်းအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း(၃၀)အားလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားမီတာ(၁၀၀၀၀)အပြေးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မောင်သန်းထိုက်စိုးအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း(၃၀)အား ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြေးခုန်ပစ်အဖွဲ့ချုပ်သို့ လှူဒါန်းထားသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်ခဲ့ပြီးနောက် ဆုရအားကစားသမား(၂)ဦး ကိုယ်စား မောင်သန်းထိုက်စိုးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်လျက်ရှိသည့် မြားပစ်မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားတို့၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများ အချင်းချင်း စည်းစည်းလုံးလုံးနေထိုင်

▶▶

# ၂၀၂၂ခုနှစ်၊ တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆုများနှင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ)ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ





● နေပြည်တော်၊ ဇွန်လ(၉)ရက်။


၂၀၂၂ခုနှစ်၊တစ်နှစ်တာအတွင်း အားကစားလှုပ်ရှား ဆောင်ရွက်မှု အမြင့်မားဆုံးဆုများနှင့် ၂၀၂၂ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်(ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ) ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်စေရေးနှင့်နိုင်ငံတော်၏ အနာဂတ် တာဝန်များကို ပုခုံးပြောင်းတာဝန်ယူကြမည့် နိုင်ငံ၏လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ အားကစားလုပ်ငန်းများကို အခြေခံအကျဆုံး ဆောင်ရွက်လျက်ရှိသည့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်မှစပြီး ဗဟိုအဆင့်ထိ အရာထမ်း/အမှုထမ်းများအားလုံးက ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို တာဝန်သိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုမြင့်မားရေးအတွက် နိုင်ငံတော်၏ နေ့ကြီးနေ့ရက်များဖြစ်သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊တပ်မတော်နေ့၊ အလုပ်သမားနေ့ စသည့်နေ့များတွင် လူထုအားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်

စာမျက်နှာ(၁၀)သို့ ▶








▶▶

ကြရန်နှင့် အသင်းလိုက်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ် ထားရှိကြရန်လိုကြောင်း၊ မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများ ပြည့်ဝပြီးအောင်မြင်မှုများ ပြန်လည်ရရှိအောင် အားသွန်ခွန်စိုက် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း မှာကြားခဲ့ပြီးနောက် အားကစားသမားများအတွက်လိုအပ်သည့် လေ့ကျင့်ရေးသုံး အထောက်အကူပစ္စည်းများနှင့် အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

■































စာမျက်နှာ(၉)◦◦◦မှအဆက်

အလိုက် အားကစားဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း အားကစားလေ့ကျင့်ချိန်(P.T)ချိန် သတ်မှတ်ပြီး ကြိုက်နှစ်သက်ရာ အားကစားနည်းတစ်ခုခုအား လေ့လာလိုက်စားနိုင်ခြင်း၊ စာသင်ကျောင်းများတွင်လည်း အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးပြီး ကျောင်းလက်ရွေးစင်များ ရွေးချယ်ခြင်း၊ အခြေခံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တက္ကသိုလ်/ကောလိပ်များမှလည်း မေဂျာအလိုက် အားကစားပြိုင်ပွဲများ ကျင်းပ၍ လက်ရွေးစင်ရွေးချယ်ပြီး ကျောင်းသားအားကစားပွဲတော်များမှတစ်ဆင့် တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအထိ ကျင်းပပေးခဲ့သည့်အတွက် မျိုးဆက်သစ်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အားကစားကဏ္ဍအောင်မြင်တိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး အပါအဝင် အရာထမ်း/အမှုထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိအောင် ဦးစီးဌာနမှ သတ်မှတ်ညွှန်

▶▶

























ကြားချက် စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ကြိုတင်ပြင်ဆင်ပြီး ဆုတံဆိပ်များရရှိအောင် ယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ အလားတူ ဒီဇင်ဘာ လူထုအားစား လှုပ်ရှားမှုများဆောင်ရွက်နိုင်ရေး၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ အားကစားအခြေခံသင်တန်းများကို အင်ပြည့်အားပြည့်ဖွင့်လှစ်နိုင်ရေး၊ Physical Fitness Dance စုပေါင်းလှုပ်ရှားမှုများယှဉ်ပြိုင်နိုင်ရေး၊ ဟောပြောပွဲများနှင့် သရုပ်ပြပွဲများ လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ရေး၊ အားကစားသိပ္ပံကျောင်းများသို့ အရည်အချင်းမီသည့် သင်တန်းသား/သင်တန်းသူများပေးပို့နိုင်ရေး၊ Youth Camp နှင့်မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များသို့ လူငယ်လက်ရွေးစင်များ ရွေးချယ်ပေးပို့နိုင်ရေး စသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဦးစီးဌာနမှစောင့်ကြည့်လျက် မှတ်တမ်းတင်ထားရှိပြီး မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း အားကစားလှုပ်ရှားမှုအများဆုံး ကြိုးပမ်းအကောင်ထည်ဖော်ဆောင်ရွက်နေသည့် ခရိုင်၊ မြို့နယ်များကိုလည်း (၄)လတစ်ကြိမ် စိစစ်ဖော်ထုတ်ပြီး အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ပေးစေလိုကြောင်း၊ မြန်မာအားကစား တိုးတက်မြှင့်မားစေရေးအတွက် လမ်းညွှန်ချက်များအတိုင်း တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များကို စိစစ်ပြီး ယခုလိုဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသား/ကျောင်းသူများ အပါအဝင် ပြည်သူများ ကိုယ်လက်လှုပ်ရှားဆောင်ရွက်နိုင်ရေးအတွက် အလွယ်တကူ ကိုယ်လက်လှုပ်ရှားပြုလုပ်နိုင်စေရန် နိုင်ငံတစ်ဝှမ်းလုံးတွင် Outdoor Fitness Equipment (၅၄၀၉)စုံ တပ်ဆင်ပေးထားနိုင်ခဲ့ပြီး နောက်ထပ် အစုံ(၆၀၀)ခန့် ထပ်မံတပ်ဆင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အားကစားလုပ်ငန်းများကို ဦးဆောင်ပံ့ပိုးကူညီပေးသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ဆုရရှိသူများသည် နိုင်ငံတော်အတွက် အရေးကြီးလုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးနေသည့်အတွက် အလွန်အကျိုးရှိသည့်ရလဒ်

စာမျက်နှာ(၁၂)သို့











စာမျက်နှာ(၁၁)၏ ၏ ၏မှအဆက်



များထွက်ပေါ်ပြီး စဉ်ဆက်မပြတ် ဆက်လက်အားပေး လုပ်ဆောင်ပေးသွားကြရန်လိုကြောင်း၊တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့်အဆင့်ဆင့်သော ပညာရေးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံပညာကျောင်း၊ တက္ကသိုလ်/ကောလိပ်များတွင် အားကစားဟောပြောပွဲ၊ သရုပ်ပြပွဲ၊ အားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းတွင်း အားကစားပြိုင်ပွဲများကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ အားကစားအသိပညာပေးစာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများကိုလည်း ကျင်းပပေးနိုင်ရေးအတွက် တိုက်တွန်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရေး၊ ထူးချွန်ထက်မြက်သည့်လူငယ်မျိုးဆက်သစ်များ အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် အားစားလှုပ်ရှားဆောင်ရွက်မှုများကို တာဝန်သိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်လာစေရန် လူအား၊ ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်းတိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းမှ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာဆုများ ရွေးချယ်ခဲ့ခြင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်စေရေးအတွက် လူထုအားကစားကဏ္ဍ အရေးပါပုံများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီးနောက် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်တို့ကလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ်၊ တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆု (မြို့နယ်အဆင့်)အထူးဆု ရရှိခဲ့ကြသည့် မြို့နယ်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း၊ မြို့နယ်အဆင့် ပထမ၊ ဒုတိယနှင့်ပူးတွဲတတိယဆု ရရှိခဲ့ကြသည့် မြို့နယ်များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပထမ၊ ဒုတိယ၊တတိယနှင့် အထူးဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ၂၀၂၂ခုနှစ် မလေးရှားနိုင်ငံ မလက္ကာမြို့တွင် ကျင်းပခဲ့သည့် အလွတ်တန်း စကိတ်အမြန်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုစီရရှိခဲ့ကြသည့် အားကစားသမား (၂)ဦးတို့အား ဂုဏ်ပြုဆုဖလား (Trophy)များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဆုရရှိကြသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဆုရရှိကြသူများနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

■

# ဂျူဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ













● နေပြည်တော်၊ ဇွန်လ(၂၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျူဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် ဂျူဒိုပညာရပ်သည် ဂျပန်လူမျိုးများ၏ ရိုးရာအားကစားနည်းဖြစ်ပြီး အပြန်အလှန်လေးစားမှုရှိရန်၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနှုတ်ဆက်တိုင်း စနစ်တကျဦးညွှတ်အလေးပြုနှုတ်ဆက်ရသည့်ဓလေ့ကို ရိုသေလေးစားသမှုနှင့် လေးနက်စွာ နှုတ်ဆက်အလေးပြုရန် လွန်စွာအရေးကြီးကြောင်း၊ ဂျူဒိုအစ အလေးပြုခြင်းကဆိုသည့်အတိုင်း ပထမဦးဆုံး ဂျူဒိုအားကစားနည်းကို သင်ကြားသည့်အခါ အလေးပြုခြင်းက စတင်သင်ကြားရခြင်းဖြစ်ပြီး မိမိပြိုင်ဖက်အားလေးစားခြင်း၊ မိမိကိုယ်ကို နှိမ့်ချရိုကျိုးခြင်းဖြစ်သည့်အတွက် အလေးပြုရခြင်းရည်ရွယ်ချက်ကို သိရှိအောင် သင်ကြားပေးရန်လိုကြောင်း၊သင်တန်းသားများအနေဖြင့် မိမိတို့ မသိသေးသည့်အချို့သောနည်းစနစ်များ၊ အယူအဆ၊ အတွေးအခေါ်များကို All Japan Judo Federationမှ ဂျပန်နည်းပြဆရာMr. HIRRANUMA YAMATO က ယခုသင်တန်းတွင် သင်ကြား ပို့ချပေးသွားမည်ဖြစ်၍ နည်းပြများအတွက် အထူးအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ရက်တိုသင်ကြားရသည့်အတွက် စိတ်ပါဝင်စားစွာဖြင့် လိုက်နာသင်ကြားကြရန် လိုကြောင်း၊ ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဂျူဒိုအားကစားနည်း၏ နည်းစနစ် အခြေခံများဖြစ်သည့် ကိုင်တွယ်မှုများ၊ ရွှေ့လျားနည်းများ၊ ပုံဖျက်ခြင်းများကို ပိုမိုသိရှိနားလည်လာနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် တပ်မတော် ကြည်း၊ ရေ၊ လေ ဂျူဒိုပြိုင်ပွဲနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတို့တွင် ယခုသင်တန်း၌သင်ကြားတတ်မြောက်ခဲ့သည့် နည်းစနစ်များကို မိမိအားကစားသမားများအား လက်တွေ့ ပြန်လည်သင်ကြားပေးခြင်းဖြင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်သည့်အခါ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်၊ ရဲရင့်သည့်စိတ်ဓာတ်များဖြင့် တီထွင်ကြံဆ တွေးခေါ်မှုများနှင့် နည်းစနစ်များကိုပေါင်းစပ်ပြီး အောင်မြင်အောင် လေ့ကျင့်သင်ကြားပေးသွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ တိုးတက်စေရန်အတွက် အားပေးဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုရရှိခဲ့ကြသည့် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက် ရှိကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားနည်းအနေဖြင့် ငွေတံဆိပ်(၁)ခု၊ကြေးတံဆိပ်(၃)ခုသာ ရရှိခဲ့သည့်အတွက် အားနည်းချက်/အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီးလာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခုထက်ပိုမိုအောင်မြင်မှုများရရှိအောင် ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ စွမ်းရည်ပြည့်ဝသည့် နည်းပြဆရာများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် ယခုသင်တန်းတက်ရောက်ကြသည့် သင်တန်းသား/သင်တန်းသူများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာဒေသများတွင် အခြေခံကောင်းမွန်ပြီး ဝါသနာပါသည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင် အရည်အချင်းပြည့်ဝ၍ ထူးချွန်ထက်မြက်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သည့် နည်းပြဆရာကောင်းများ ဖြစ်အောင်ကြိုးစားပြုမူ နေထိုင်သွားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

ဂျူဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)သင်တန်းကို ၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၀)ရက်နေ့မှ ဇူလိုင်လ(၁)ရက်နေ့အထိ သင်တန်းသား(၂၉)ဦး၊ သင်တန်းသူ(၁၁)ဦး၊စုစုပေါင်း(၄၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးတက်ရောက်














● နေပြည်တော်၊ ဇွန်လ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် (၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ယနေ့နံနက်(၇)နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ(အပေါ်ထပ်)၌ Virtual စနစ်ဖြင့် တက်ရောက်ခဲ့သည်။

အစီအစဉ်အရ(၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် မလေးရှားနိုင်ငံမှ Mr. YB ADAM ADLI ABD MALM က ဒေသတွင်းလူငယ်များ၏ စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ရန် "စိတ်ကျန်းမာရေးပြဿနာများအားလုံးနှင့်အတူရင်ဆိုင်ကျော်လွှား"ဆောင်ပုဒ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ စိတ်ကျရောဂါခံစားရမှု အခြေအနေများနှင့် စပ်လျဉ်း၍ နိုင်ငံပေါင်း ၂၀၄ နိုင်ငံတွင် လေ့လာဆန်းစစ်တွေ့ရှိချက်များအရ လူငယ်များသည် အရွယ်ရောက်ပြီးသူတွေထက် စိတ်ကျရောဂါ/စိတ်ကျန်းမာရေးပြဿနာများကို ပိုမိုခံစားနေရသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စိတ်ကျန်းမာရေးအစီရင်ခံစာအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့် ပထမနှစ်အတွင်းမှာ စိတ်ကျရောဂါ ခံစားရမှုသည် ၂၅ ရာခိုင်နှုန်းကျော် မြင့်တက်လာသည်ကို ရေးသားဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ရိုက်ခတ်မှုဒဏ်ကိုကြံ့ကြံ့ခံရင်ဆိုင်နိုင်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပူးပေါင်းပါဝင်အားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ စေတနာ့ဝန်ထမ်း လူငယ်များကို စိတ်လူမှုရေးအထောက်အကူပြုသင်တန်းများအဖြစ် စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုစုပေးခြင်းနှင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီခြင်းများကို သင်ကြား ပို့ချပေးနိုင်ခဲ့ပါကြောင်း၊ စေတနာ့ဝန်ထမ်း လူငယ်များ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများကို စိတ်ဓာတ်မြှင့်တင်ပေးခြင်းနှင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီပေးခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်း(၈၇)ဦး၊စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ကြရသည့် အသက်(၁၈)နှစ်အောက် အမျိုးသမီးငယ်(၂၄၀)ဦးနှင့် ကလေးငယ်(၂၅၀)ဦးတို့ကိုလည်း စိတ်လူမှုဆိုင်ရာပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ကာလအတွင်း စိတ်ကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များကို ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များထံသို့ အသိပညာပေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ ၂၀၂၃ ခုနှစ်၊ မေလအတွင်းက အနောက်ဘက် ရခိုင်ကမ်းမြောင်ဒေသမှတစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ လူငယ်များအပါအဝင် ပြည်သူများကို စိတ်လူမှု

စာမျက်နှာ(၁၆)သို့

# အင်္ဂလိပ်စာဘာသာပြန်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ











● နေပြည်တော်၊ ဇွန်လ(၂၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ အင်္ဂလိပ်စာဘာသာပြန်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူ ထမ်းဆောင်နေကြသည့် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တစ်ဦးချင်းစီ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အင်္ဂလိပ်စာဘာသာပြန် အခြေခံအဆင့် ကျွမ်းကျင်တတ်မြောက်စေရန်၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ (Departmental English) နှင့် ပတ်သက်သည့် ဝေါဟာရများကြွယ်ဝစေရန်၊ လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ကိစ္စရပ်များကို သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ်(၁/၂၀၂၂)နှင့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၂၃)တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကား အသုံးပြုဆက်သွယ်ရာတွင် အခက်အခဲမရှိစေရေး၊ နိုင်ငံ့တာဝန်များကိုထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် ခေတ်မီတိုးတက်လာသည့် နည်းပညာများအား ပိုမိုထိရောက်စွာ သင်ယူနိုင်စေရေးအတွက် အင်္ဂလိပ်စာ ဘာသာပြန်စွမ်းရည် တိုးတက်စေရန် အရေး၊ အဖတ်၊ အပြောများကို ပိုမိုလေ့လာလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအစည်းအဝေး(AMMY) နှင့်အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMY)တို့ကို မြန်မာနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ လက်ခံဆောင်ရွက်ရမည်ဖြစ်၍ လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများမှလည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပါဝင်ကူညီဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် သင်တန်းသား/သင်တန်းသူများအနေဖြင့် မိမိတို့၏စွမ်းရည်များ ပိုမိုတိုးတက်လာစေရန် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ သင်တန်းမှ ပို့ချပေးသည့်သင်ခန်းစာများကို ကြိုးစားလေ့လာ သင်ယူသွားကြရန်မှာကြားလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝ၍ စွမ်းဆောင်ရည်ရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် အမြဲလေ့လာဆည်းပူးကြိုးစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း နိုင်ငံ့ဝန်ထမ်းကောင်း စိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့ဌာနတိုးတက်ရေးအတွက် တစ်ဦးနှင့်တစ်ဦးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်း စိတ်မမွေးဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။



အင်္ဂလိပ်စာ ဘာသာပြန်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို ဇွန်လ(၂၇)ရက်နေ့မှ ဇူလိုင်လ(၂၄) ရက်နေ့အထိ လူငယ်ရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း သင်တန်းသား/သင်တန်းသူ (၂၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းဆရာများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာတွင် အားကစားသမားများအား နေ့လယ်စာကျွေးမွေးရန် ချက်ပြုတ်ပြင်ဆင်နေမှုများနှင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ သိမ်းဆည်းရာနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများအား အာဟာရညီညွတ်ပြည့်ဝမှုရှိသည့် အစားအသောက်များကို ကျွေးမွေးသွားရန်နှင့် စားရိပ်သာပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဂရုတစိုက်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ









● နေပြည်တော်၊ ဇွန်လ(၂၈)ရက်။

မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့၌ ကျင်းပလျက်ရှိသည်။

နံနက်ပိုင်းတွင် အုပ်စု(က)ပွဲစဉ်အဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က) အသင်းက

▶ စာမျက်နှာ(၁၄)...မှအဆက်

ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ရေး ပညာရှင်များနှင့်လူမှုဝန်ထမ်းသမားများကိုစုစည်း၍ အဖွဲ့များဖွဲ့စည်းကာ စေလွှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးဆက်သစ်လူငယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိသည့် လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အနာဂတ် မျိုးဆက်သစ်လူငယ်များနှင့်အတူ မျှော်မှန်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခုကို ထူထောင်နိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ် သွားကြစေလိုကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည့် "သဟဇာတဖြစ်တဲ့ အာဆီယံလူ့အဖွဲ့အစည်းတစ်ခုကို လူငယ်တွေရဲ့ အင်အားနဲ့ ဖန်တီးဖော်ဆောင်သွားကြပါစို့"ဆောင်ပုဒ်ဖြင့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီးနောက် နိုင်ငံအလိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံကိုယ်စားပြု ဝန်ကြီးများက (၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်အား ခေတ္တရပ်နားခဲ့သည်။



ထို့နောက် နေ့လယ်ပိုင်းအစီအစဉ်များကို မွန်းလွဲ (၁၂) နာရီခွဲတွင် အာဆီယံအပေါင်း(၃) လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံအပေါင်း(၃) လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ (သို့မဟုတ်)နိုဝင်ဘာလတွင် နေပြည်တော်၌ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံတာဝန်များကို ပုခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုများရှိရန် လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ယခုအစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံနှင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတို့မှ (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံအပေါင်း(၃) လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အား တရားဝင်တာဝန်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကြေညာခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယခုလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် Virtual စနစ်ဖြင့်ကျင်းပခဲ့ရာလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● ကချင်၊ ဇွန်လ(၁၄)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀း၀၀)နာရီအချိန်တွင် ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီတာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများနှင့်မြန်မာ့လက်ရွေးစင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာမြန်မာ့လက်ရွေးစင် အားကစားသမားများမှ တစ်ဦးချင်းဂါရဝပြုမိတ်ဆက်ခြင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့လက်ရွေးစင် အားကစားသမားတစ်ဦးမှ ပြိုင်ပွဲ အတွေ့အကြုံများအား ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ပြည်နယ်တရား

စာမျက်နှာ(၁၈)သို့





(၈)ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ(၃)နာရီခွဲအချိန်တွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ခ) ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၂)ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။


# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများ ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် ပြည်နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်/ကောလိပ်ကျောင်းများ၊ အားကစားဆပ်ကော်မတီများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ





● လွိုင်ကော်မြို့ ဇွန်လ(၇)ရက်။

၂၀၂၃ ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိ ခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများ ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းနှင့် ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်/ကောလိပ်ကျောင်းများ၊ အားကစားဆပ်ကော်မတီများသို့အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်(၉း၃၀)နာရီအချိန်တွင် ကယားပြည်နယ် ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မြတ်မင်းမိုး၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဦး၊ သယံဇာတရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစောဟူးဟူး၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်ကြည်၊ လမ်းပန်း







ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ရဲမှူးကြီးမောင်မောင်ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးတင်လှ၊ ပြည်နယ်ဥပဒေချုပ် ဦးကြည်မြင့်၊ ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အားကစား ဆပ်ကော်မတီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အင်အား(၁၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်မှ ဒုတိယ ငွေတံဆိပ်ဆုရ ကစားသမားအား ဂုဏ်ပြု ချီးမြှင့်ငွေကျပ်သိန်း(၃၀)၊ တတိယဆုရ အားကစားသမား(၃)ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ်သိန်း(၂၀)စီနှင့်ပြိုင်ပွဲဝင်ကစားသမား (၈) ဦးတို့အား တစ်ဦးလျှင် ငွေကျပ်(၃) သိန်းစီ ချီးမြှင့်ခဲ့ပြီး တက္ကသိုလ်/ကောလိပ်နှင့် အားကစား ဆပ်ကော်မတီများကို အားကစား အထောက်အကူပြုပစ္စည်းများ ကျပ်(၉၆၆၃၆၀၀) တန်ဖိုး ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

---





စာမျက်နှာ(၁၇)…မှအဆက်

လွှတ်တော် တရားသူကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင် ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေပေါင်း (၁၃၃)သိန်းကျပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင် အားကစားသမားများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး တက်ရောက်လာသူများအားလုံးကို ဂုဏ်ပြုညှော်ခံကျွေးမွေး၍ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

# ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကရင်ပြည်နယ်မှ အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





● ကရင်၊ ဇွန်လ(၆)ရက်။

၂၀၂၃ ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကရင်ပြည်နယ်မှ အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀း၀၀) နာရီအချိန်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊



ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးမှ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပြီး ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။





# ၂၀၂၃ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ





● စစ်ကိုင်း၊ ဇွန်လ(၁၉)ရက်။

၂၀၂၃ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နေ့လယ် (၁၃း၀၀)နာရီအချိန် မုံရွာမြို့စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားအဖွဲ့ အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုထောက်ပံ့ငွေစုစုပေါင်း (၁၉၃၀၀၀၀၀) (ကျပ်တစ်ရာကိုးဆယ့်သုံးသိန်းတိတိ) အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီးမှ မြန်မာ့လက်ရွေးစင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ









● တနင်္သာရီ၊ ဇွန်လ(၁၂)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီးမှ မြန်မာ့လက်ရွေးစင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီအချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(၃)ထပ်ဆောင် အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရအားကစားသမားများနှင့် အားကစားကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ ခွန်ဘိုကာတာ(ဗိုဗီနမ်) အားကစားနည်း(၁+၂)အတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည့် မြိတ်မြို့နယ်မှ မနီလာစိုးဦးအား ဂုဏ်ပြုဆုငွေ ကျပ်(၂၅)သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လည်းကောင်း၊ ခွန်ဘိုကာတာ(ဗိုဗီနမ်) တစ်ဦးချင်း စွမ်းရည်ပြပြိုင်ပွဲတွင် ငွေတံဆိပ် ဆွတ်ခူးရရှိခဲ့သော မြိတ်မြို့နယ်မှ မနီလာစိုးဦးအား ဂုဏ်ပြုဆုငွေ ကျပ်(၁၅)သိန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်းကလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ် ဆွတ်ခူးရရှိခဲ့သည့် သရက်ချောင်းမြို့နယ်မှ မချိုးမြတ်နိုးဝေအား ဂုဏ်ပြုဆုငွေ ကျပ်(၁၅)သိန်းကို စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် မြိတ်မြို့နယ်မှ မစုမြတ်နိုးအား ဂုဏ်ပြုဆုငွေ ကျပ်(၁၀)သိန်းကို သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်ကလည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည့် မြိတ်မြို့နယ်မှ မကေသွယ်မိုးအား ဂုဏ်ပြုဆုငွေ ကျပ်(၁၀)သိန်းကို လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် ခွန်ဘိုကာတာ (ဗိုဗီနမ်)အားကစားနည်းမှ မနီလာစိုးဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူခဲ့သည့် တိုင်းဒေသကြီး/နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ၊ လက်ရွေးစင် အားကစားသမားဟောင်းကြီးများနှင့် မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





● ပဲခူး၊ ဇွန်လ (၇)ရက်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၂၃ခုနှစ်၊ (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ ကြေးတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီး/နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားဟောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီအချိန်တွင် ပဲခူးမြို့ မြို့တော်ခန်းမတွင်ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီဝင်များနှင့် ဆုရအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများတက်ရောက်ခဲ့ပါသည်။

▶▶
















ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဖလားများရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး တင်းနစ်အသင်း၏ တံခွန်စိုက်ဖလားများအပ်နှံမှုကို လက်ခံပြီးနောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်သည့်အုပ်ချုပ်/နည်းပြ(၄၀)ဦးအတွက် အောင်နိုင်ရေးထောက်ပံ့ငွေ (၁၀၅)သိန်းနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခုရရှိသည့် မမေဟာန်နီအောင်လွင်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း(၂၀)၊ ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် ဦးသန်းဇော်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၁၇) သိန်း၊ ခြင်းလုံးအားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁) ခုရရှိသည့် မောင်အောင်မြင့်မြတ်အား ဂုဏ်ပြုဆုငွေကျပ် (၁၅)သိန်း၊ ခြင်းလုံးအားကစားနည်းဖြင့် ရွှေ




တံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်မင်းသစ္စာအောင်အား ဂုဏ်ပြုဆုငွေကျပ်(၁၅)သိန်း၊ ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခုရရှိသည့် မကြူကြူသင်းအား ဂုဏ်ပြုဆုငွေကျပ် (၁၀)သိန်း၊ ပိုက်ကျော်ခြင်း အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခုရရှိသည့် မဆုတင်ဇာနိုင်အား ဂုဏ်ပြုဆုငွေကျပ် (၁၀) သိန်း၊ အားနစ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခုရရှိခဲ့သည့် မောင်အောင်ဇော်သက်အား ဂုဏ်ပြုဆုငွေကျပ်(၁၀)သိန်းအား လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်မှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းဖြင့် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် မနှင်းသက်ဝေအား ဂုဏ်ပြုဆုငွေကျပ် (၇)သိန်း၊ ဝူရှူး အားကစားနည်းဖြင့် ငွေတံဆိပ်(၁) ခုရရှိခဲ့သည့် မချယ်ရီသန်းအား ဂုဏ်ပြုဆုငွေကျပ် (၇)သိန်း၊ ဘောလုံးအားကစားနည်းဖြင့် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် မပုံ့ပုံ့ပြည့်မောင်အား ဂုဏ်ပြုဆုငွေကျပ်(၇)သိန်း၊ ခွန်ဘိုကာတာ အားကစားနည်းဖြင့် ကြေးတံဆိပ်(၂)ခုရရှိခဲ့သည့် မောင်ခန့်လွန်းဇော်အား ဂုဏ်ပြုဆုငွေကျပ် (၁၀)သိန်း၊ ခွန်ဘိုကာတာ အားကစားနည်းဖြင့် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့် မဝတ်ရည်ဦးအား ဂုဏ်ပြုဆုငွေကျပ် (၅)သိန်း၊ ခွန်ခမာအားကစားနည်းဖြင့် ကြေးတံဆိပ်(၁)ခုရရှိသည့် မဥမ္မာစိုးအား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်း၊ ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် ပထမတံခွန်စိုက်ဆုဖလားရရှိသည့် တင်းနစ်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၁၂)သိန်း၊ အမျိုးသမီးအသင်းလိုက် ပထမတံခွန်စိုက်ဆုဖလားရရှိသည့် တင်းနစ်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၁၂)သိန်း၊ အမျိုးသား(၂)ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုရရှိသည့် အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၃)သိန်း၊ အမျိုးသမီး(၂)ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုရရှိသည့် အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၃)သိန်း၊ အမျိုးသား+အမျိုးသမီး(၂)ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁) ခုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၃)သိန်းအား လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဗိုလ်မှူးကြီးအောင်သောင်းထိုက်မှ ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရ မောင်ဒါဝူးနှင့် ငွေတံဆိပ်(၁)ခုရ မအေးအေးနွယ်တို့အား ဂုဏ်ပြုဆုငွေကျပ်(၂)သိန်းစီတို့အား လည်းကောင်း၊ ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရ မောင်ခိုင်မြဲမောင်အား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်း၊ ငွေတံဆိပ်(၂)ခုရ မောင်အောင်ကျော်ထက်အား ဂုဏ်ပြုဆုငွေကျပ်(၄)သိန်းနှင့် ငွေတံဆိပ်

စာမျက်နှာ(၂၂)သို့








▶ စာမျက်နှာ(၂၁)・・・မှအဆက်

(၁)ခုရ မအေးမြမွန်အား ဂုဏ်ပြုဆုငွေကျပ် (၂)သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးမှ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ မောင်ပြည့်စုံဦးအား ဂုဏ်ပြုဆုငွေကျပ်(၁)သိန်း၊ ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရ မမျိုးမျိုးသူအား ဂုဏ်ပြုဆုငွေ ကျပ်(၃)သိန်း၊ ကြေးတံဆိပ်(၁)ခုရ မောင်မျိုးကျော်လှိုင်အား ဂုဏ်ပြုဆုငွေကျပ်(၁)သိန်းနှင့် အသင်းလိုက် ကြေးတံဆိပ်(၁)ခုရအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်(၂)သိန်း၊ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝုရှူးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ မောင်ကောင်းမြတ်မွှေးအား ဂုဏ်ပြုဆုငွေကျပ် (၁)သိန်း၊ ကြေးတံဆိပ်(၁)ခုရ မောင်ထက်ဝေလျှံပိုင်အား ဂုဏ်ပြုဆုငွေကျပ်(၁)သိန်း၊ ကြေးတံဆိပ်(၁)ခုရ မဝေနင်းဖြိုးအား ဂုဏ်ပြုဆုငွေကျပ်(၁)သိန်းကိုလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းမှ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားဟောင်း (၃၃)ဦးအတွက် (၁)ဦးလျှင် ကျပ်(၂)သိန်းနှုန်းဖြင့် ဂုဏ်ပြုဆုငွေကျပ်(၆၆)သိန်းအား လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွဋ်မှ နိုင်ငံ့ဂုဏ်ဆောင် အုပ်ချုပ်/နည်းပြနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ် (၇၄)သိန်း (၃)သောင်းကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးမှ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်မသန်စွမ်း အားကစားသမားဟောင်း (၁၃)ဦးအတွက်(၁)ဦးလျှင် ကျပ်(၂)သိန်းနှုန်းဖြင့် ဂုဏ်ပြုဆုငွေကျပ်(၂၆)သိန်းအားလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်မှ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် နည်းပြ/အားကစားသမား(၂၂)ဦးအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း(၇၀)အား လည်းကောင်း၊ ဥပဒေချုပ်ဦးခင်မောင်တင့်မှ ဘရူနိုင်းနိုင်ငံ လက်ရည်စစ် တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား ထောက်ပံ့ချီးမြှင့်ငွေ ကျပ်(၁၂)သိန်းအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကာ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရှိရပါသည်။







# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် နည်းပြတို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်








● မကွေး၊ ဇွန်လ(၁၄)ရက်။

မကွေးတိုင်းဒေသကြီးမှ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမားများနှင့် နည်းပြတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမဧည့်ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစား အဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး ကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်



များ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ကော်မတီအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ နိုင်ငံဂုဏ်နှင့် တိုင်းဒေသကြီးဂုဏ်ဆောင် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တာနဲ့အညီ ဒီနေ့ဟာလည်း နိုင်ငံ့ဂုဏ်ကို အရှေ့တောင်အာရှမှာ အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြတဲ့ နိုင်ငံဂုဏ်ဆောင် မကွေးတိုင်းဒေသခံ နိုင်ငံ့လက်ရွေးစင် အားကစားသမားတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုလိုဂုဏ်ပြုပွဲအခမ်းအနား ထပ်ဆင့်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ အားကစားဆိုတာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ နိုင်ငံ့ဂုဏ်ကို ဆောင်ကာ အမျိုးသားရေးစိတ်ဓာတ်တွေ ပိုမိုခိုင်မာထက်သန်လာစေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းမှာ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ခိုင်မာတဲ့ စိတ်ဓာတ်တွေကို ဖြစ်ပေါ်စေနိုင်တဲ့ အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မိမိတို့နိုင်ငံရဲ့ အားကစားအဆင့် အတန်းကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေကြပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဟာ အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်ပြီး အာဆီယံနိုင်ငံများ၏

စာမျက်နှာ(၂၄)သို့













စာမျက်နှာ(၂၃)···မှအဆက်

အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲလည်းဖြစ်ပါကြောင်း၊ ဒီလိုပြိုင်ပွဲကြီးမှာ အမိမြန်မာနိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ပေးကြတဲ့ မကွေးတိုင်းဒေသကြီးမှ အားကစားသမားများနဲ့ နည်းပြများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ နိုင်ငံ့ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ မကွေးတိုင်းဒေသကြီးမှ နည်းပြ(၁)ဦးနဲ့ အားကစားသမား(၁၀)ဦးတို့က ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၈)ခု၊ ကြေးတံဆိပ်(၁၁)ခု စုစုပေါင်း ဆုတံဆိပ်(၂၂)ခုရရှိအောင် နိုင်ငံအတွက် စွမ်းဆောင်ပေးသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဂုဏ်ပြုပါကြောင်း ထပ်မံပြောကြားလိုပါကြောင်း၊ ယခုလိုနိုင်ငံတော်နဲ့ ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီကြသူများရဲ့ အားပေးချီးမြှောက်မှုများအပေါ် တုံ့ပြန်တဲ့အနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြတဲ့ အားကစားသမားများနှင့် နည်းပြများအနေနဲ့ မိမိတို့ရဲ့ ဇွဲလုံ့လ ဝီရိယ ကြိုးပမ်းအားထုတ်လေ့



ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ/အရှုံးမပေးတဲ့ စိတ်ဓာတ်များနဲ့ ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းသွားကြစေလိုကြောင်း စသည်ဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က ဂုဏ်ပြုပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုဗွီဒီယိုပြသကာ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်နှင့် အဖွဲ့ဝင်များက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုကြေးငွေများကို အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် အောင်ပွဲရ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများ နိုင်ငံတော်အဆင့်ဂုဏ်ပြုပွဲကို ဇွန်လ(၁)ရက်နေ့ကပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်၍ ဂုဏ်ပြုပေးခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပေးခြင်းအပေါ် ပိုက်ကျော်ခြင်းအားကစားဖြင့် ရွှေ(၁)၊ ငွေ(၁)၊ ကြေး(၁) ဆုရရှိသူ အားကစားသမား မောင်ဇင်ကိုကိုက ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် လက်ရွေးစင် အားကစားသမားများ မသွားရောက်မီ တစ်ဦးလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၁)သိန်းနှင့် အား/ကာမှ(၁)သိန်း စုစုပေါင်း(၂)သိန်းကျပ်စီဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး၊ ယနေ့ဂုဏ်ပြုပွဲတွင် ဆုရရှိသူများအား တစ်ဦးချင်း/အသင်းလိုက် မခွဲခြားဘဲ ရွှေတံဆိပ်တစ်ခုလျှင် (၁၀)သိန်း၊ ငွေ(၇)သိန်း၊ ကြေး(၅)သိန်းနှင့် အုပ်ချုပ်သူနည်းပြ တစ်ဦးလျှင်(၅)သိန်းနှုန်းစီဖြင့် ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၈)ခု၊ ကြေးတံဆိပ်(၁၁)ခု စုစုပေါင်းဆုတံဆိပ်(၂၂)ခုနှင့် နည်းပြ(၁)ဦးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်အတူ ဂုဏ်ပြုဆုကြေးငွေ စုစုပေါင်းငွေကျပ် (၁၄၆)သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မွန်ပြည်နယ်မှဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ













● မော်လမြိုင်၊ ဇွန်လ(၁၃)ရက်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သော (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်မှ ဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ Sun Shine Hotel ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ နိုင်ငံ့ဂုဏ်ဆောင် ဆုရရှိကြသည့် နည်းပြနှင့် အားကစားသမားများမှ တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အားကစားသည် နိုင်ငံသူ ၊ နိုင်ငံသားများရဲ့ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဆောင်ကာ အမျိုးသားရေးစိတ်ဓာတ်တွေပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းမှာ အနိုင်မခံ၊ အရှုံးမပေးတဲ့ စိတ်ဓာတ်၊ ခိုင်မာတဲ့စိတ်ဓာတ်တွေကို ဖြစ်ပေါ်စေနိုင်တဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မိမိတို့နိုင်ငံရဲ့ အားကစားအဆင့်အတန်းကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကိုတိုင်းတာသည့် အားကစားပြိုင်ပွဲကြီးဖြစ်ပြီး ဒီပြိုင်ပွဲကြီးတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် မွန်ပြည်နယ်မှ အားကစားသမားများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မွန်ပြည်နယ်မှ နည်းပြနှင့် အားကစားသမား(၈)ဦးက နိုင်ငံအတွက် ရွှေတံဆိပ်(၂)ဆု၊ ငွေတံဆိပ် (၄)ဆု၊ ကြေးတံဆိပ်(၄)ဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်နဲ့ ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီကြသူများရဲ့ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်တဲ့အနေနဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများသည် မိမိတို့ရဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်များနဲ့ပေါင်းစပ်ပြီး နောင်လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေမှာ ယခုထက်ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းတို့က ပီတန်းအားကစားနည်းဖြင့် ပထမ ရွှေတံဆိပ်ဆုရရှိခဲ့သော မခင်ချယ်ရီသက်အား ဂုဏ်ပြုငွေကျပ်(၁၀)သိန်း၊ ပိုက်ကျော်ခြင်း (ကွင်းသွင်း) အားကစားနည်းဖြင့် ပထမ ရွှေတံဆိပ်ဆုရရှိခဲ့သော မနွယ်နွယ်ထွေးအား ဂုဏ်ပြုငွေကျပ်(၁၀)သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ခဲ့ပြီး၊ ဒုတိယ ငွေတံဆိပ်ဆုနှင့် တတိယ ကြေးတံဆိပ်ဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ရာ ရွှေတံဆိပ်ဆု ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ပိုက်ကျော်ခြင်း (ကွင်းသွင်း)အားကစားသမား မနွယ်နွယ်ထွေးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





● မန္တလေး၊ ဇွန်လ(၁၀)ရက်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အတွင်းမှ ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နေ့လယ် (၂း၀၀)နာရီချိန်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အောင်ပွဲရအားကစားအသင်းများမှ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဂုဏ်ပြုမိန့်ခွန်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှ အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေမှ ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့မှ ဆုတံဆိပ်ရ အားကစားအသင်းများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ဆုတံဆိပ်ရ အားကစားအသင်းများအား ရွှေတံဆိပ်(၁)ဆုလျှင် ကျပ်(၁၅)သိန်း၊ ငွေတံဆိပ်(၁)ဆုလျှင် ကျပ်(၁၀)သိန်း၊ ကြေးတံဆိပ်(၁)ဆုလျှင် ကျပ်(၇)သိန်းဖြင့် လည်းကောင်း၊ တစ်ဦးချင်းဆုတံဆိပ်ရ အားကစားသမားများအား ရွှေတံဆိပ်(၁) ဆုလျှင် ကျပ်(၁၀)သိန်း၊ ငွေတံဆိပ်(၁) ဆုလျှင် ကျပ်(၇)သိန်း၊ ကြေးတံဆိပ်(၁)ဆုလျှင် ကျပ်(၅)သိန်းဖြင့်လည်းကောင်း စုစုပေါင်း ရွှေတံဆိပ်(၇)ခု၊ ငွေတံဆိပ်(၁၅)ခုနှင့် ကြေးတံဆိပ်(၂၂)ခုတို့အတွက် ချီးမြှင့်ငွေ ကျပ်(၃၂၄)သိန်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပြိုင်ပွဲဝင် အုပ်ချုပ်၊ နည်းပြနှင့် အားကစားသမား(၇၉)ဦးတို့အား တစ်ဦးလျှင်ကျပ်(၃)သိန်းနှုန်းဖြင့် ငွေကျပ်(၂၃၇)သိန်းကို လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ရွှေတံဆိပ်ဆုရ ခြင်းလုံးအားကစားနည်းမှ အားကစားသမား မအေးအေးသန့်က အားကစားသမားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ် ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်





● စစ်တွေ၊ ဇွန်လ(၈)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ကြသည်။

# ၂၀၂၃ ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ













● ရန်ကုန်၊ ဇွန်လ(၁၃)ရက်။

၂၀၂၃ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို(၅.၅.၂၀၂၃)ရက်နေ့မှ(၁၇.၅.၂၀၂၃)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌လည်းကောင်း၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို (၃.၆.၂၀၂၃) ရက်နေ့မှ (၉.၆.၂၀၂၃)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း၊



(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို (၈.၆.၂၀၂၃)ရက်နေ့မှ (၁၂.၆.၂၀၂၃)ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု နိုင်ငံ့လက်ရွေးစင်

စာမျက်နှာ(၂၉)သို့

▶▶

အခမ်းအနားတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများက တစ်ဦးချင်း မိတ်ဆက်ပြီး ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်တောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပိုက်ကျော်ခြင်းပြိုင်ပွဲ (Double Team)တွင် ငွေတံဆိပ်ဆုရရှိခဲ့သော ဦးအောင်မျိုးဆွေနှင့် ဦးအောင်မျိုးနိုင်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မနော်ထက်ထက်ဝေကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က (70kg) ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့သော မဖြိုးဆွေဇင်ကျော်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက (52kg) ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သော မခင်ခင်စုကိုလည်းကောင်း၊ထပ်ဆင့် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် နည်းပြများက မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ငွေကျပ်သိန်း(၂၀)ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ရှမ်းပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ






● တောင်ကြီး၊ ဇွန်လ(၁၄)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ရှမ်းပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ နိုင်ငံ့ကိုယ်စားပြု အားကစားသမား(၃၆)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခွန်ဘိုကာတာ အားကစားနည်းတွင် ရွှေ(၁)ခု၊ ကြေး(၁)ခု၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ရွှေ(၂)ခု၊ ကြေး(၁)ခု၊လှေလှော်ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ ငွေ(၅)ခု၊ ကြေး(၂)ခု၊ အားနစ်အားကစားနည်းတွင် ငွေ(၂)ခု၊ကြေး(၃)ခု၊ ဘောလုံးအားကစားနည်းတွင် ငွေ(၁)ခု၊ ဗိုဗီနမ် အားကစားနည်းတွင် ကြေး(၃)ခုနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြေး(၁)ခု စသည်ဖြင့်ရွှေ၊ ငွေ၊ ကြေး တံဆိပ်စုစုပေါင်း(၂၃)ခုတိတိ အောင်မြင်ဆွတ်ခူးရယူခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့ရှိရပါကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့် ဆုတံဆိပ်ရရှိမှု တိုးမြှင့်ရရှိခဲ့သည်ကိုတွေ့ရပြီး နောက်လာမည့် နိုင်ငံတကာအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက် ပိုမိုရရှိပြီး ရှမ်းပြည်နယ်၏ ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေးနှင့် အရှေ့တောင်အာရှမှသည် အာရှအဆင့်၊ အာရှမှသည် ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ်၊ တစ်နှစ်တာအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆု ပထမဆုဖလားအား ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံသို့ အပ်နှင်းပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့ကြသည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်ရာ ရွှေတံဆိပ်ဆုရရှိခဲ့သော ခွန်ဘိုကာတာ (အတွဲအတိုက်)ပြိုင်ပွဲ၊ လှေလှော်အားကစားနည်း (၅ယောက်လှော် 250m)ပြိုင်ပွဲ၊ ဘိလိယက်နှင့်စနူကာ (9 Ball Single Double)ပြိုင်ပွဲ၊ ငွေတံဆိပ်ဆုရရှိခဲ့သော အားနစ်အားကစားနည်း ၅၀-၅၅ ကီလိုတန်း(ဖော့/ကြိမ်တုတ်အတိုက်)ပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ လှေလှော်အားကစားနည်း Mix (250m-500m)၊ Open(800m)၊ Men(800m) ပြိုင်ပွဲ၊ ကြေးတံဆိပ်ဆု ရရှိခဲ့သော ခွန်ဘိုကာတာ အားကစားနည်း (လက်သိုင်းအပြ) ပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာ (နှစ်ယောက်တွဲ)ပြိုင်ပွဲ၊ လှေလှော်အားကစားနည်း Open (500 m)၊ Men(500m)ပြိုင်ပွဲ၊ ဗိုဗီနမ်အားကစားနည်း (ကျား+မ အပြ)/(ဓားတစ်လက် အသင်းလိုက်) (အတွဲတိုက်အပြ)ပြိုင်ပွဲ၊ အားနစ်အားကစားနည်း ၅၀ ကီလိုတန်း (ဖော့/ကြိမ်တုတ်အတိုက်) ၅၅-၆၀ ကီလိုတန်း(ဖော့တုတ်အတိုက်)ပြိုင်ပွဲ၊ ပြေးခုန်ပစ်အားကစားနည်း(မီတာ-၁၀၀၀၀) အပြေးပြိုင်ပွဲ၊ ပီတန်းအားကစားနည်းတွင် ရွှေတံဆိပ်ဆုနှင့် လှေလှော်အားကစားနည်းတွင် ငွေတံဆိပ်ဆုရရှိအောင် သင်ကြားပေးနိုင်ခဲ့သော နည်းပြများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ခဲ့ကြပါသည်။




ထို့နောက် ဆုရအားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရှိရသည်။






# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော ရောဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

● ပုသိမ်၊ ဇွန်လ(၉)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ရောဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန်လ(၆)ရက်နေ့က ပုသိမ်မြို့ မြို့တော်ခန်းမ၌ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာများနှင့် အောင်ပွဲရ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ရောဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အားကစားသမားများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ပြန်လည်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့သည်။

ရောဝတီတိုင်း ဒေသကြီးမှ အုပ်ချုပ်/နည်းပြ/ အားကစားသမား (၅၃)ဦး ပါဝင်ခဲ့ပြီး အားကစားသမား (၃၂)ဦးက ရွှေတံဆိပ်(၈)ခု၊ ငွေတံဆိပ် (၁၁)ခုနှင့် ကြေးတံဆိပ်(၁၁) ခု စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။













▶ စာမျက်နှာ(၂၇)...မှအဆက်

အားကစားသမား (၇၆)ဦးတို့သည် အားကစားနည်းအလိုက် ရွှေ(၂၆)ဆု၊ ငွေ(၄၈)ဆု၊ ကြေး(၅၄)ဆုဖြင့် ဆုတံဆိပ်စုစုပေါင်း(၁၂၈)ဆုရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၃)သိန်း၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၂)သိန်း၊ ကြေးတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၁)သိန်းဖြင့် စုစုပေါင်း (၂၂၈)သိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

■

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ














● နေပြည်တော်၊ ဇွန်လ(၂၅)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နေပြည်တော်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရအုပ်ချုပ်၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ခဲ့ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ရွှေတံဆိပ်တစ်ခုလျှင် ကျပ်(၁၀)သိန်း၊ ငွေတံဆိပ်တစ်ခုလျှင် ကျပ်(၇)သိန်း၊ အုပ်ချုပ်နည်းပြနှင့် ကျန်အားကစားသမားများအား(၅)သိန်းစီဖြင့် စုစုပေါင်း ကျပ်(၇၇)သိန်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ










● ရန်ကုန်၊ ဇွန်လ(၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။




ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းသား/ ကျောင်းသူလေးများက ဒို့ချစ်တဲ့သိပ္ပံ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)က မွေးထုတ်ပေးခဲ့တဲ့ မြန်မာ့လက်ရွေးစင်အားကစားသမားကျား(၁၆)ဦး၊မ(၃၀)ဦးက အားကစားနည်း(၁၃)နည်းမှာ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ခဲ့ပြီး အဲဒီထဲကမှ ကျား(၇)ဦး၊ မ(၂၁)ဦးတို့က ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၁၁)ခု၊ကြေးတံဆိပ်(၁၅)ခု စုစုပေါင်းဆုတံဆိပ် (၃၁)ခုကို ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူ မှတ်တမ်းတင်အပ်ပါကြောင်း။

စာမျက်နှာ(၃၂)သို့ ▶


















စာမျက်နှာ(၃၁)...မှအဆက်

လူငယ်များဟာ တိုင်းပြည်၏ အနာဂတ်ဖြစ်ပြီး လူငယ်တွေ တော်ရင်တော်သလို တိုင်းပြည်တိုးတက်မှာ ဖြစ်တဲ့အတွက် ထူးချွန်ထက်မြက်သောတပည့်များဖြစ်အောင် ပြုစုပျိုးထောင်ကြရန်မှာ ဆရာ/ဆရာမများတွင် အဓိကတာဝန်ရှိပြီး လူငယ်များအနေနဲ့လည်း ဆရာများ၏ သင်ကြားပြသဆိုဆုံးမမှုများကို မြေဝယ်မကျနားထောင်ပြီး ဗလငါးတန်ဖွံ့ဖြိုးသောလူငယ်များဖြစ်အောင် ကြိုးစားကြရမှာဖြစ်သလို နိုင်ငံ့ဂုဏ်ကိုမြင့်တင်ပေးနိုင်မယ့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေဖြစ်အောင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာနဲ့ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက် နေကြရမှာဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် မိမိအားကစားသမားကို ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်အောင် အနီးကပ်သင်ကြားပြသပေးနေသူများဖြစ်သည့်အတွက် အားကစားသမားများ၏ ယုံကြည်အားထားလေးစားမှုရရှိအောင် စိတ်ဓာတ်၊ စည်းကမ်းအပြင် ပြုမူပြောဆိုနေထိုင်သွားလာမှုများတွင်လည်း စံနမူနာပြကျင့်ကြံနေထိုင်သွားကြရန် အထူးလိုအပ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့လည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကို အားဖြည့်ဖွဲ့စည်းပေးထားပြီး အလှူရှင်များရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျောင်းသား/ကျောင်းသူလေးများရဲ့လိုအပ်ချက်များကို အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်းနဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် အလှူရှင်များကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနဲ့ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး အထက်တန်းကျောင်းများဟာ အားကစားသာမက ပညာရေးကိုပါ ထူးချွန်အောင် သင်ကြားပေးရတာဖြစ်တဲ့အတွက် ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ/ဆရာမများအနေနဲ့ ကျောင်းသဘောသဘာဝကို နားလည်ပြီး ကျောင်းသား/ကျောင်းသူများရဲ့ပညာရေး တိုးတက်ဖို့အတွက် ဝါသနာ၊ စေတနာ၊ အနစ်နာ အရင်းခံ၍ ဆရာဝတ်နှင့်အညီ ပြုစုပျိုးထောင်ပေးကြပါလို့ တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း




















က ကျောင်းအကျိုးတော်ဆောင် ရန်ပုံငွေသို့ ငွေကျပ်သိန်း(၁၀၀)အား ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က လက်ခံရယူခဲ့ပါသည်။

ယနေ့အခမ်းအနားတွင် အလှူရှင်အသီးသီးတို့မှ စုစုပေါင်းလှူဒါန်းငွေကျပ် (၄၀၇)သိန်းတို့အား ပေးအပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးတို့က အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီးနောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသား/ကျောင်းသူလေးများက Myanmar Fitness Dance ၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ အားကစားနည်းများဖြင့် သရုပ်ပြ ဖျော်ဖြေခဲ့ပါသည်။

အဆိုပါ သရုပ်ပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများနှင့် သရုပ်ပြသသည့် ကျောင်းသား/ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းမှ ဂုဏ်ပြုဆုငွေကျပ် (၁၅) သိန်းနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က ဂုဏ်ပြုဆုငွေကျပ် (၅)သိန်းတို့အား ချီးမြှင့်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

အမျိုးသားအားကစား တိုးတက်ရေး
လူချွန်လူကောင်း ပျိုးထောင်ပေး

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၃-၂၀၂၄ပညာသင်နှစ် အားကစားနှင့် ကာယပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ











● မန္တလေး၊ ဇွန်လ(၁၆)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် (၈)နာရီအချိန် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ဝင်းအတွင်းရှိ အားကစားခန်းမဌကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မန္တလေးမြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးနှင့် အရာထမ်း/အမှုထမ်းများ၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ သင်တန်းသား/သူ(၂၄၀)ဦး စုစုပေါင်း(၅၇၄)ဦး တက်ရောက်ခဲ့ပါသည်။



ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အားကစားနည်း(၁၃) နည်း သင်တန်းသား(၁၂၈)ဦး၊ သင်တန်းသူ(၁၁၂)ဦး၊ စုစုပေါင်း(၂၄၀) ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များမှအလှူငွေများပေးအပ်ခဲ့ရာ မန္တလေးတိုင်းဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ အလှူငွေများ လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် သင်ကြားပေးခဲ့သော PEC ကိုယ်ပိုင်အထက်တန်းကျောင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ ဂုဏ်ပြုမှတ်တမ်းလွှာပေးခဲ့ပြီး ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်မှ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။





# အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ









● မော်လမြိုင်၊ ဇွန်လ(၆) ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)၊ အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၈း၀၀) နာရီအချိန်တွင် အားကစားနှင့်ကာယ ပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယ်ဖိတမ၊ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မွန်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အားကစားနှင့်ပညာရေး ပေါင်းစပ် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များမှ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အားကစားနည်းအလိုက် အားကစား အသုံးအဆောင်ပစ္စည်းများ၊ အားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။



အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ သင်တန်းဖွင့်အမှာစကားပြောကြားပြီး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး ဦးနေမျိုးလွင်မှ အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ အလှူငွေကျပ်(၁၀)သိန်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် (၆၇၈၀၀၀)တန်ဖိုးရှိ ထီး(၁၁၃)လက်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ အဖွဲ့ဝင် ဦးသင်းမောင်စိုးက အလှူငွေကျပ်(၅)သိန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌမှ ဘောလုံး အလုံး(၁၀၀)ပေးအပ်လှူဒါန်းခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ လက်ခံရယူခဲ့ပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းတို့အား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အခမ်းအနားသို့ တက်ရောက်လာသူများမှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ပါသည်။







### ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါး

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု မြန်မာလူမျိုးတို့က ခံယူထားကြသည်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုသည့် အခမ်းအနားများကို မြင်တွေ့ရတိုင်း စာရေးသူအနေဖြင့် မြန်မာလူမျိုးတစ်ဦးပီပီ ဂုဏ်ပြုသူရော ဂုဏ်ပြုခံရသူများပါ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ထပ်လောင်းပြည့်စုံကြပါစေဟု ဂုဏ်ယူဝမ်းမြောက်စွာ သာဓုခေါ်မိသည်။ ဝမ်းသာပီတိလည်း ဖြစ်ရပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၂၀၂၃ခုနှစ်၊ ဇွန်(၁)ရက်ညက ထုတ်လွှင့်သည့် သတင်းအားကြည့်ရှုနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို တွေ့မြင်ခဲ့ရပြီး၊ ဇွန်(၂)ရက်နေ့ထုတ်ဝေသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့တွင်လည်း ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားနှင့်ပတ်သက်သည့် သတင်းများကို ခမ်းနားပြည့်စုံစွာ ဖတ်ရှုခဲ့ရသဖြင့် နိုင်ငံသားတစ်ယောက်အနေဖြင့် နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို အားကစားအောင်မြင်မှုဖြင့် မြှင့်တင်ကြိုးပမ်းခဲ့ကြသည့် အားကစားမောင်မယ်များ အားလုံးကိုလည်းကောင်း၊ ပြိုင်ပွဲကြီးတွင် အောင်မြင်မှုရရှိရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများကို လည်းကောင်း လေးစားဂုဏ်ပြုမိပါသည်။ အခမ်းအနားကြီးတစ်ခုလုံးကို ခြုံကြည့်လျှင် ကျက်သရေအပေါင်းနှင့်ခညောင်းပြည့်စုံပြီး ဂုဏ်ပြုသူများနှင့် ဂုဏ်ပြုခံရသူများပါ ပြုံးပျော်နေကြသည့် မြင်ကွင်းကိုလည်းကြည်နူးဂုဏ်ယူ ဝမ်းမြောက်ဖွယ် မြင်ကွင်းတစ်ခုအဖြစ် တွေ့ရှိခဲ့ရသဖြင့် အပျော်များပင် ကူးစက်ခဲ့ရသည်။



### နိုင်ငံတော်အကြီးအကဲပြောကြားသည့် ဂုဏ်ပြုအမှာစကား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုနှစ်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း(၁၉)နည်း၌ အားကစားသမား (၃၄၁)ဦး၊ အုပ်ချုပ်/နည်းပြ(၁၀၇)ဦး စုစုပေါင်း(၄၄၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်(၂၁)ခု၊ ငွေတံဆိပ်(၂၅)ခု၊ ကြေးတံဆိပ်(၆၈)ခု၊ စုစုပေါင်းဆုတံဆိပ်(၁၁၄)ခု ရယူပေးနိုင်ခဲ့ကြောင်း၊ ငွေတံဆိပ် ရရှိခဲ့ကြသည့် အားကစားနည်းများအနေဖြင့်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ် မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် နောက်ဆုံးဗိုလ်လုပွဲအထိ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားခဲ့ကြတာ တွေ့ရတဲ့အတွက် များစွာ အားရကျေနပ်စရာကောင်းကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

### မြန်မာအမျိုးသား/အမျိုးသမီး ဘောလုံးအသင်းများ အခြေအနေအား သုံးသပ်မှာကြား

နိုင်ငံတော်အကြီးအကဲက ဘောလုံးပြိုင်ပွဲ၌ မိမိတို့ အမျိုးသား/အမျိုးသမီး အသင်းနှစ်သင်းလုံးသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြသည်မှာ ပြည်သူတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း၊ မြန်မာအမျိုးသမီး ဘောလုံးအသင်းမှာ အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အကြိုဗိုလ်လုပွဲတွင် အာဆီယံ၌ အင်အားကြီး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိခဲ့ကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုပေးစွမ်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

### (၃၂)ကြိမ်မြောက် SEA GAMES ပြိုင်ပွဲ၏ ထူးခြားချက်များအား သုံးသပ်ပြောကြား

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ထူးခြားချက်အနေဖြင့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများကို ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် အများဆုံး ရယူပေးနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သည်ကို တွေ့ရကြောင်း၊ ယခုနှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်နိုင်ငံ(၁၁)နိုင်ငံက ပြိုင်ပွဲဝင်ကစားသမား ၆၂၁၀ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် အင်အား(၈၀၀)ကျော်စီ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် အင်အား(၇၀၀)ကျော်၊ မလေးရှားနိုင်ငံအနေဖြင့် အင်အား(၆၀၀)ကျော်၊ အင်ဒိုနီးရှားလာအို၊ စင်္ကာပူနိုင်ငံတို့အနေနဲ့ အင်အား(၅၀၀)ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် (၃၄၁)ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း။



# ,um; ^K fyc,DSghi; u crifu em;r
# Souu pyavG,ao m u avG,er m;

**ကိုဌေး (ကနောင်)**

အလားတူ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မှုအနေဖြင့်လည်း အိမ်ရှင်နိုင်ငံကထည့်သွင်းကျင်းပသည့် အားကစားနည်း(၃၆)နည်းတွင် အိမ်ရှင်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ နှစ်နိုင်ငံက အားကစားနည်းအားလုံး ရာနှုန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့အနေဖြင့် အားကစားနည်း (၃၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း (၁၉) နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် အားကစားနည်း ပါဝင်ယှဉ်ပြိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အားကစားသမားပါဝင်ယှဉ်ပြိုင်မှု အချိုးအစားကိုတွက်ကြည့်လျှင်လည်း အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအင်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ မိမိနိုင်ငံ ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်း တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည်(၂၇)ကြိမ်မြောက်ပြိုင်ပွဲတွင် ၂၈ ရာခိုင်နှုန်း၊ (၂၈)ကြိမ်မြောက်ပြိုင်ပွဲတွင် ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉)ကြိမ်မြောက်ပြိုင်ပွဲတွင် ၉ ဒသမ ၆၈ရာခိုင်နှုန်း၊ အကြိမ်(၃၀)မြောက်ပြိုင်ပွဲတွင် ၇ ဒသမ ၆၆ ရာခိုင်နှုန်း၊ (၃၁)ကြိမ်မြောက်ပြိုင်ပွဲတွင် ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် ယခု(၃၂)ကြိမ်မြောက်ပြိုင်ပွဲတွင် ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း အမြင့်မားဆုံးပြိုင်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။



## ပြိုင်ပွဲတွင် အားကစားသမားများအား ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်

နိုင်ငံတော်အကြီးအကဲက နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်း လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများဖြစ်သည့်အတွက် အုပ်ချုပ်သူ/နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

## ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်

နိုင်ငံတော်က တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများအား ကျပ်သိန်း(၃၀၀)၊ငွေတံဆိပ်ရရှိသူများအား ကျပ်သိန်း(၂၀၀)၊ ကြေးတံဆိပ် ရရှိသူများအား ကျပ်သိန်း(၁၀၀)စီ၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ကျပ်သိန်း(၇၀)၊ ကြေးတံဆိပ် ရရှိခဲ့ကြသည့် အသင်းသား တစ်ဦးလျှင် ကျပ်(၃၅)သိန်းစီကိုလည်းကောင်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများ၊ အုပ်ချုပ်မှုအဖွဲ့များအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင်ကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ် ကျပ်သိန်း(၅၀)၊ ကြေးတံဆိပ် ကျပ်သိန်း (၃၀)စီဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း သုံးသောင်းသုံးထောင့်သုံးရာသုံးဆယ်တိတိ (၃၃၃၃၀) ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားဖြစ်သည့် ဘောလုံးအားကစားနည်းမှ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ (၂၀၀၀၀)နှင့် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့်အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ (၅၀၀၀၀)ကိုလည်း ထပ်ဆောင်းချီးမြှင့်ပေးအပ်ခဲ့သည်။



## ထပ်လောင်းတိုက်တွန်း မှာကြားခြင်း

၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက်ရော၊ အားကစားသမား အရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက်ပိုမိုအောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များကို ကြိုတင်အသိပေး မှာကြားသွားခဲ့သည့်အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မြန်မာနိုင်ငံသားအားလုံးက လိုလားတောင့်တ အားပေးနေသည့်

စာမျက်နှာ(၃၈)သို့

စာမျက်နှာ(၃၇)ဆောင်းပါး•••မှအဆက်

ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းသွားခဲ့ပြီး၊ အလားတူ အရှိန်အဝါကြီးခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များ လွှမ်းနိုင်အောင် ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ နိုင်ငံတော်အကြီးအကဲက တိုက်တွန်းမှာကြားသွားခဲ့သည်။

(၃၃)ကြိမ်မြောက်တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း အားကစားအဆင့် ထိပ်တန်း၌ ရပ်တည်နေသည့် နိုင်ငံဖြစ်သည့်အတွက် အားကစားနည်းအလိုက် လွယ်လင့်တကူရွှေတံဆိပ်ရရှိရန် မလွယ်ကူသဖြင့် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အဖွဲ့ချုပ်များအနေဖြင့် လက်တွေ့ကျသည့် စီမံချက်များ ကြိုတင်ပြင်ဆင် ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အားကစားသမားများအနေဖြင့် ပြိုင်ပွဲတစ်ကြိမ်ထက်တစ်ကြိမ် မိမိတို့၏ စွမ်းဆောင်ရည်များနှင့် စံချိန်စံညွှန်းများ ပိုမိုတိုးတက်လာစေရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း ကြိုတင်အသိပေးတိုက်တွန်းလိုပါသည်။

### အောင်မြင်မှုရရှိခြင်း အကြောင်းအရင်းများ

ယခုနှစ် SEA GAMES ပြိုင်ပွဲကြီး၌ပြိုင်ပွဲတိုင်းတွင် ထိုက်ထိုက်တန်တန် အောင်မြင်မှု ရရှိခဲ့ခြင်းသည် ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၏ ကြိုးပမ်းအားထုတ်မှု၊ အားကစားဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့်ဟု ပြော၍ရသော်လည်း အဓိကအားဖြင့် နိုင်ငံတော်၏ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ နိုင်ငံတော်အကြီးအကဲ၏ အားကစားဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ အမြဲတစေ ချမှတ်ပေးနေခြင်းနှင့် အားပေးဆောင်ရွက်မှုများကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်ကိုလည်း မမေ့သင့်ကြောင်း သတိပြုစေလိုပါသည်။

### ခေတ်အဆက်ဆက် အားပေးဆောင်ရွက်မှု အမြင့်မားဆုံးလည်းဖြစ်ခဲ့

စာရေးသူ၏ အသက်(၆၁)နှစ်တာ ကာလ





အတွင်း အားကစားလောကနှင့် မကင်းကွာခဲ့သလို ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မြန်မာအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်မှုများရှိခဲ့သည်ကို ဖတ်ရှုမှတ်သားဖူးခြင်းများရှိခဲ့သည့်အပြင် ကိုယ်တိုင်လည်း (၂၅)နှစ်နီးပါး အားကစားလောကနှင့် အနီးကပ် ထိစပ်သိရှိခဲ့ရသည်များလည်း ရှိခဲ့ပါသည်။ သို့သော် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် အားကစား တိုးတက်မြင့်မားရေးအတွက် အားပေးဆောင်ရွက်မှု အမြင့်မားဆုံး ဖြစ်ခဲ့ကြောင်းလည်း တွေ့မြင်သိရှိခဲ့ရပါသည်။ မြန်မာ့အားကစားပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ရပ်ကွက်/ကျေးရွာပြိုင်ပွဲများမှသည် မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ၊ ဗဟိုမှဦးစီးကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲများတပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများမှသည် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (ဥက္ကဋ္ဌဖလား) အားကစားပြိုင်ပွဲများအထိ အားကစားပြိုင်ပွဲမျိုးစုံအား စဉ်ဆက်မပြတ် ကျင်းပပေးခဲ့ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ထိုက်တန်သည့် ဆုကြေးများချီးမြှင့်ပေးအပ်ကာ စိတ်ဓာတ်မြှင့်တင်ပေးခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လိုအပ်လျက်ရှိသည့် အားကစားကွင်း/အားကစားရုံများ၊ ရေကူးကန်များနှင့် မီတာ(၄၀၀)ပါ ပြေးလမ်းများနှင့် ပွဲကြည့်စင်များအားပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးမြှင့် တည်ဆောက်ခြင်း လုပ်ငန်းများနှင့် အားကစားဥယျာဉ် တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

မည်သည့်ခေတ်ကာလမှ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ ဘဝနောင်ရေး အဆင်ပြေစေရေးအတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့ အားကစားအောင်မြင်မှုအလိုက် အသက်(၆၀)ပြည့်မြောက်သည့် အချိန်မှစတင်ကာ သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိသည်။ ထိုကဲ့သို့ နိုင်ငံတော်မှ လစဉ်ချီးမြှင့် ထောက်ပံ့ငွေအသေးစိတ်အား ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ နှစ်သိန်း၊ ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ တစ်သိန်းငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ တစ်သိန်း ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၁၀)ခုနှင့်အထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ တစ်သိန်းငါးသောင်း၊ ရွှေတံဆိပ်(၅)ခုမှ (၉)ခုထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ တစ်သိန်း၊ ရွှေတံဆိပ်(၁)ခုမှ(၄)ခုထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ခုနစ်သောင်း၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ သုံးသောင်းအား ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများအား ၎င်းတို့၏ စွမ်းဆောင်ရည်အလိုက် လူမှုထူးချွန် (ပထမ၊ ဒုတိယ၊ တတိယ) အဆင့်များ ပေးအပ်ချီးမြှင့်သည်သာမက ဝဏ္ဏကျော်ထင် ဘွဲ့တံဆိပ်များအထိ တိုးမြှင့်ပေးအပ်ချီးမြှင့်လျက်ရှိရာတွင် ၂၀၂၂ ခုနှစ် (၇၇)နှစ်မြောက် တပ်မတော်နေ့တွင် အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား(၁၂)ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၅)ခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ(၂၄)ဦး စုစုပေါင်း(၃၆)ဦးကို "လူမှုထူးချွန်ပထမအဆင့်"ဆုတံဆိပ်များကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက် ဝဏ္ဏကျော်ထင်ဘွဲ့(၂၁)ဦး၊ "လူမှုထူးချွန် ပထမအဆင့်" ဆုတံဆိပ်(၃၆)ဦး၊ "လူမှုထူးချွန် ဒုတိယအဆင့်"ဆုတံဆိပ်(၃၉)ဦးနှင့် "လူမှုထူးချွန်တတိယအဆင့်" ဆုတံဆိပ် (၆၉)ဦးတို့အားလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် အားကစားဖြင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် အားကစား

သမားဟောင်းကြီးများ၏ အရေးကိုလည်း ပစ်ပယ်မထားဘဲ အလေးထားဆောင်ရွက်ပေးနေသလို လက်ရှိပြိုင်ပွဲဝင် အားကစားမောင်မယ်များ၏အရေးကိုလည်း ချန်လှပ်မထားဘဲ အောင်မြင်မှုဆုတံဆိပ်များ ရရှိမှုအပေါ်မူတည်၍ ထိုက်တန်သည့် ဆုကြေးငွေများ ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်မှာ များစွာ အားရကျေနပ်ဖွယ် ကောင်းလှပါသည်။ ဤသည်မှာ အားကစားအောင်မြင်မှုသည် နိုင်ငံတော်မှ အားပေးမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်ကို သက်သေပြလျက် ရှိနေခြင်းပင်ဖြစ်ပါသည်။

## ဂုဏ်ပြုချီးမြှင့်ငွေများ ဘဝနောင်ရေး အကျိုးရှိစွာ အသုံးပြုစေလို

၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များဖြစ်သည့် ရွှေခေတ်ကာလတွင် အောင်မြင်မှုရရှိခဲ့သည့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်၊ ရေကူး အားကစားနည်းများမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ များစွာရှိသည့်အနက် အချို့အားကောက်နုတ်ဖော်ပြရလျှင် ဘောလုံးအားကစားနည်းမှ အာရှလက်ရွေးစင်များအဖြစ် ရွေးချယ်ခံခဲ့ရသည့် ဗိုလ်မှူးဗဟာဒူး၊ ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဗိုလ်ကြီးမောင်မောင်(တပ်မတော်ရေ)တို့အပြင် ဦးအေးမောင်ကြီး၊ ဗိုလ်ကြီးအေးမောင်လေး၊ ဦးမျိုးဝင်းညွန့်၊ ဦးသန်းစိုး(၁)ဆပ်သီး၊ ဦးဘပု၊ ဗိုလ်ကြီးတင်အေး၊ ဦးတင်ဟန် အစရှိသည့် ဘောလုံးအကျော်အမော်များ၊ ပြေးခုန်ပစ်အားကစားနည်းမှ ကချင်တိုင်းရင်းသားကြီးများဖြစ်သည့် မြိတုံးနော်၊ ရှင်ဖွေဂမ်းနှင့် ဂျနီဖာတင်လေး၊ သန်းသန်း၊ ခင်ခင်ထွေး၊ ဂျင်မီကရင်တမ်၊ မာမာမင်း၊ ဦးသန့်ဇင်၊ ဗိုလ်ကြီးကိုကို၊ ဦးခင်စိုး၊ ဦးမောင်လှ၊ ဒေါ်နုနုရီ၊ ဒေါ်အေးရွှေတို့ကဲ့သို့ ပြေးခုန်ပစ်အကျော်အမော်များ၊ အလေးမအားကစားနည်းမှ ကမ္ဘာ့လူသန်ကြီးများအဖြစ် တင်စားခံခဲ့ရသည့် ဗိုလ်ကြီးထွန်းမောင်၊ ဗိုလ်ကြီးစန်းမြင့်နှင့် ဗိုလ်ကြီးကျော်သက်၊ ဦးအေးဝင်း၊ ဦးထိန်ဝင်း စသည့် မြန်မာ့လူသန်ကြီးများ၊ ကျွမ်းဘား အားကစားနည်းမှ ဦးမြင့်အောင်၊ ဂျူဒိုအားကစားနည်းမှ ဒေါ်ခင်မှုမှု၊ သေနတ်ပစ် အားကစားနည်းမှ ဗိုလ်မှူးကျော်ရှိန်၊ ရေကူးအားကစားနည်းမှ ဦးတင်မောင်နီနှင့် ဦးနန္ဒကျော်စွာတို့ကဲ့သို့ အားကစားနည်းအလိုက် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အကျော်အမော်များ များစွာ ပေါ်ထွက်ခဲ့သည်။

လက်ရွေးစင် အားကစားသမားဟောင်းအချို့၏ ပြောကြားချက်အရ ၎င်းတို့ခေတ်ကာလတွင် အောင်မြင်မှုရရှိလာသည့် အချိန်တိုင်း လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံပြီး ဘောပင်တစ်ချောင်း၊ ရေဒီယိုတစ်လုံး၊ စက်ဘီးတစ်စီး၊ နာရီတစ်လုံး စသည်ဖြင့်သာ ဂုဏ်ပြုခံခဲ့ကြရကြောင်း သိရှိခဲ့ရပြီး၊ ၎င်းတို့အနေဖြင့်လည်း နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ပေးသည်ကို များစွာ ဂုဏ်ယူဝမ်းမြောက်ခဲ့ရကြောင်းနှင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရေးအတွက်သာ အားကစားချစ်စိတ်၊ နိုင်ငံချစ်စိတ်များဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည်များ လက်ရှိနိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအားကျအတုယူ နားလည်သင့်ပါသည်။


နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား လက်ရှိနိုင်ငံတော်က အားကစားသမားများ၏ ဘဝနောင်ရေးအတွက်ပါ ရည်ရွယ်သော ချီးမြှင့်ဂုဏ်ပြုငွေများသည် အားကစားသမားတစ်ဦးချင်းစီအတွက် ထိုက်တန်သည့် ငွေကြေးများဖြစ်၍ အကျိုးရှိရှိ အသုံးပြုသွားရန် တိုက်တွန်းလိုပါသည်။ ရရှိခဲ့သည့် ဆုကြေးငွေများအား လူမှုရေးကျန်းမာရေး ပညာရေးနှင့် ဘဝနောင်ရေး အဆင်ပြေစေမည့် ကိစ္စရပ်များအတွက်သာ စည်းကမ်းစနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားကြရန်လည်း လိုအပ်သည်။ နိုင်ငံတော်မှ အားကစားသမားများ၏ အောင်မြင်မှုအပေါ် ဂုဏ်ပြုချီးမြှင့်ခြင်းသည် အားကစားသမားများအတွက် ဂုဏ်ယူစရာဖြစ်သလို တန်ဖိုးထားစရာလည်း ဖြစ်သည့်အတွက် ဘဝအာမခံချက်ရှိနိုင်မည့် ကိစ္စရပ်များတွင်သာ အကျိုးရှိရှိ သုံးစွဲသွားစေရေးနှင့် ဖြုန်းတီးမှုမဖြစ်စေရေးအတွက်လည်း စေတနာမွန်ဖြင့် အကြံပြုလိုပါသည်။

## အားကစား တိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ များစွာရှိသည့်အနက် တစ်နိုင်ငံလုံးရှိ ရပ်ကွက်/ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်နှင့် ဗဟိုရှိ အားကစားကွင်း/အားကစားရုံများ၊ ရေကူးကန်များ၊ မီတာ(၄၀၀) ပြေးလမ်းများ အပါအဝင် ကောင်းမွန်ပြည့်စုံစေရေး၊ အားကစားအထောက်အကူပြုပစ္စည်းများ အဆင့်မီပြည့်စုံမှုရှိစေရေး၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် အားကစားနည်းအလိုက် နည်းစနစ်၊ နည်းဗျူဟာများနှင့်အညီ လိုက်ပါလေ့ကျင့်နိုင်ရေးအတွက် အားကစားနည်းအလိုက်နှင့် အားကစား နယ်ပယ်အလိုက် ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရေး၊ အားကစားပြိုင်ပွဲတိုင်းတွင် ခြိမ့်ခြိမ့်သဲ အားပေးသည့် ပရိသတ်များ ရှိစေရေးအတွက်လည်း ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများ ဖြစ်ပေါ်အောင် အားကစားဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ကြိုးကြပ်ဆောင်ရွက်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးအတွက် အားကစားပြိုင်ပွဲမျိုးစုံအား နယ်ပယ်ဒေသကဏ္ဍအစုံတွင် ကျင်းပနိုင်ရေးနှင့် အားကစားနည်းအလိုက် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားသည့် အား/ကာသိပ္ပံကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမြဲသုံးသပ် ကြပ်မတ်ဆောင်ရွက်နေရန်လည်း လိုအပ်လှပေသည်။

## ပြိုင်တူတွန်းလှျင် ရွေ့နိုင်ပါသည်

ယနေ့ကာလ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားကစားအဆင့်အတန်းပြန်လည်တိုးတက်မြင့်မားလာစေရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေး ဖြည့်ဆည်းလမ်းညွှန် ဆောင်ရွက်ပေးနေသည့် အချိန်ကာလတွင် အားကစားဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ၊ လက်ရှိ နိုင်ငံ့လက်ရွေးစင်အားကစားသမားများ၊ ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားဆိုင်ရာ ကော်မတီများ၊ အားကစားဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ တစ်နိုင်ငံလုံးရှိ အားကစားကို စိတ်ပါဝင်စားသည့် မြို့မိမြို့ဖများ၊ မီဒီယာလောကသားများ အပါအဝင် ပြည်သူတစ်ရပ်လုံးမှ အားကစားလောက ရွှေခေတ်ပြန်လည်ရောက်ရှိလာစေရေးဆိုသည့် အမျိုးသားရေး တာဝန်အား အားကစားချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များဖြင့် ဦးထမ်းပဲ့ထမ်း ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ပြိုင်တူတွန်းလှျင် ရွေ့နိုင်ပါသည် ဟူ၍သာ ဆန္ဒပြုတိုက်တွန်းရင်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားမှ ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်ကွင်းများနှင့် ဆက်စပ်တွေးမိသော အတွေးစများအားတိုက်တွန်းရေးသား တင်ပြလိုက်ရပါကြောင်း။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၃-၂၀၂၄ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






● တောင်ကြီး၊ ဇွန်လ(၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၇)နာရီခွဲအချိန်တွင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။



ရှေးဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အားကစားနည်းအလိုက် တက်ရောက်လျက်ရှိသော သင်တန်းသား/သင်တန်းသူများနှင့် မိတ်ဆက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်မှ သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်က တန်ဖိုးငွေကျပ် သိန်း(၄၀)ခန့်ရှိသည့် အားကစားအထောက်အကူပြုပစ္စည်း (၈)မျိုးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက လက်ခံရယူခဲ့ပါသည်။ ယင်းနောက် အလှူရှင်များမှ လှူဒါန်းသော အလှူငွေများကို အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် တက်ရောက်လေ့ကျင့်သင်ကြားမည့် သင်တန်းသား/သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော အားကစားနည်းအလိုက် အားကစားအထောက်အကူပြု ပစ္စည်းများနှင့် ကျောင်း၏လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




● မုံရွာ၊ ဇွန်လ(၁၉)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း သင်တန်းဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက် (၈း၃၀) နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)အားကစားခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်

▶▶

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





● လွိုင်ကော်၊ ဇွန်လ(၂)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ အားကစားနှင့်ကာယ ပညာသိပ္ပံ(လွိုင်ကော်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အားကစားနှင့် ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉) နာရီအချိန်တွင် အားကစားနှင့်ကာယ ပညာသိပ္ပံ(လွိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (လွိုင်ကော်)ဒေသ ကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

စာမျက်နှာ(၄၂)သို့ ▶





▶▶

အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ပညာရေး ဆရာ/ဆရာမများ၊ သင်တန်းသား/သူများနှင့် ကြွရောက်လာသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် အတွင်းမှ Grade-8၊Grade-9 သို့ တက်ရောက်မည့် ကျောင်းသား/သူများ အားကစားနှင့်ပညာရေး ပေါင်းစပ်၍ နိုင်ငံတော်၏အထောက်အပံ့ဖြင့် ဘွဲ့ရရှိသည်အထိ တာဝန်ယူပြုစု ပျိုးထောင်ပေးနေသည့်အတွက်ကြောင့် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏




အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေနိုင်မည့်အပြင် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း လိုအပ်သည်များကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်ခွင့်ရရှိတဲ့ လူငယ်မောင်မယ်များအနေဖြင့် သတ်မှတ်ထားတဲ့ လေ့ကျင့်ရေး စည်းကမ်း၊ အိပ်ဆောင်စည်းကမ်း၊ စားရိပ်သာ စည်းကမ်းတွေကို တိတိကျကျ လိုက်နာကြရန်နှင့် အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးကိုလည်း အာရုံစူးစိုက်ပြီး ဟန်ချက်ညီညီ တိုးတက်မှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားကြစေလိုကြောင်းနှင့် သင်တန်းသို့တက်ရောက်နေကြတဲ့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကို ဆင်ခြင်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ မွေးမြူနေထိုင်သွားကြစေလိုကြောင်း၊ အားကစားထူးချွန်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားသူရဲကောင်းများအဖြစ် ရောက်ရှိစေရေး အစွမ်းကုန်ကြိုးစားစေလိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ ကျောင်းအုပ်ကြီးအပါအဝင် အရာထမ်း/အမှုထမ်းများ အားလုံး စွမ်းအားရှိသမျှ ဝိုင်းဝန်းလက်တွဲကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်း အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ကျောင်းအကျိုးတော်ဆောင်ရန်ပံ့ငွေသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ အလှူငွေကျပ်(၁၀)သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်မှ ကျပ် (၅) သိန်းတန်ဖိုးရှိ သင်တန်းသား/သူများအတွက် တစ်ကိုယ်ရည်သုံးပစ္စည်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဘောလုံး(၁၀၀)လုံး၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ အလှူငွေကျပ်(၃)သိန်း၊ အာရှမုံရွာမှ အလှူငွေကျပ်(၃)သိန်း၊ ဦးသန်းဇော်(မြင့်ကမ္ဘာစိုး) ဆောက်လုပ်ရေးကုမ္ပဏီမှ အလှူငွေကျပ်(၂)သိန်း၊ ဦးဝေယံမိုး(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မှ အလှူငွေကျပ် (၂)သိန်းနှင့် ဦးသိုက်ထွန်းအောင် (Well Set) ဆောက်လုပ်ရေးကုမ္ပဏီမှ အလှူငွေကျပ်(၁)သိန်း ပေးအပ်လှူဒါန်းခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီးမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပါသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များမှ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြု ပစ္စည်းများနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုပြီး၊ သင်တန်းသား/သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်းသိရှိရသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ FIFA MFF U-15 Youth League ပြိုင်ပွဲဝင် ရှမ်းပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်





● တောင်ကြီး၊ ဇွန်လ(၃)ရက်။

FIFA MFF U-15 Youth League ပြိုင်ပွဲဝင် ရှမ်းပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းကို ဇွန်(၂)ရက် နံနက်(၇)နာရီက အေးသာယာ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက FIFA MFF U-15 Youth League 2023 ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြု SHAN FC Southern အသင်း၊ SHAN FC Northernအသင်း၊ SHAN FC Eastern ဘောလုံးအသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း(၂၀၀)စီပေးအပ်ရာ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများမှ လက်ခံရယူကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပြိုင်ပွဲဝင်အသင်းများအား အားပေးစကားပြောကြားရာ ပြိုင်ပွဲများယှဉ်ပြိုင်ကစားသည့်အခါ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ ရှမ်းပြည်နယ်ကိုယ်စားပြု လူငယ်ဘောလုံးအသင်း (၃)သင်းမှ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိ

▶▶










▶ စာမျက်နှာ(၄၁)…မှအဆက်

ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အရာထမ်း/အမှုထမ်းများ၊ တာဝန်ခံနည်းပြ ဆရာ/ဆရာမများနှင့် သင်တန်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်မှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ ငွေကျပ်သိန်း(၃၀)၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းသို့ ဆန်(၁၀)အိတ်နှင့် ဆီ(၁၀)ပိဿာတို့ ထောက်ပံ့လှူဒါန်းခဲ့ပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)မှ နိုင်ငံ့ဂုဏ်ဆောင် ဘော်လီဘောအားကစားနည်းမှ မောင်စောဗစ်စတာထူး၊ မအယ်ခရီဖော၊ တိုက်ကွမ်ဒို အားကစားနည်းမှ မနှိုင်းကေရီစိုး၊ မမိုးမြင့်မြတ်၊ မအေးမြသူဇာ၊ ဘောလုံးအားကစားနည်းမှမောင်ရဲရင့်ဖြိုးတို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၁)သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းအကျိုးတော်ဆောင်များဖြစ်သည့် ဦးကြည်စိုး(AMP Co.,Ltd) မှ ငွေကျပ် (၁၀)သိန်း၊ မိုးထက်ကြယ်ကုမ္ပဏီလီမိတက် ဦးကျော်ကျော်မိုးမှ ငွေကျပ် (၅)သိန်း၊ သမ္မာအထူးကုဆေးရုံ ဒေါ်သဇင်မြင့်မှ ငွေကျပ် (၅)သိန်း၊ ဇေညီနောင်စက်သုံးဆီလုပ်ငန်းရှင် ဦးပေါလူချမ်းမှ ငွေကျပ်(၂)သိန်း အသီးသီး ထောက်ပံ့လှူဒါန်းခဲ့ပြီး၊ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် သင်တန်းသား/သင်တန်းသူများမှ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အားကစားပစ္စည်းများအား လှည့်လည်ကြည့်ရှုကာ ကျောင်းစာကြည့်တိုက်စာအုပ်များ ဝယ်ယူရန်အတွက် အလှူငွေကျပ်(၃)သိန်းအား ပြည်နယ်ဝန်ကြီးချုပ်မှ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။



# ၂၀၂၃ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ






● တနင်္သာရီ၊ ဇွန်လ(၆)ရက်။

၂၀၂၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်(၉)နာရီအချိန် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း ဖူဆယ်အားကစားခန်းမ၌ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်တွင် သရက်ချောင်းမြို့နယ် အသင်းနှင့် ထားဝယ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ သရက်ချောင်းမြို့နယ်အသင်းက (၅)ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်တွင် ထားဝယ်မြို့နယ်အသင်းနှင့် ကော့သောင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ထားဝယ်မြို့နယ်အသင်းက (၄)ဂိုး (၃)ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားခဲ့ပါသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့များအား ဂုဏ်ပြုဆုကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ဒုတိယဆုရရှိသည့် ကော့သောင်းမြို့နယ်အသင်းကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ကျော်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကို လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကို သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ ပထမဆုရရှိသည့် သရက်ချောင်းမြို့နယ်အသင်းကို စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးကလည်းကောင်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပထမရရှိသည့် ထားဝယ်မြို့နယ် အမျိုးသား ဖူဆယ်ဘောလုံးအသင်းနှင့် သရက်ချောင်းမြို့နယ် အမျိုးသမီးဖူဆယ် ဘောလုံးအသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။





▶▶

သလောက် ကြိုးစားကြရန် ပြောကြားသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြု ဘောလုံးအားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်းသိရှိရပါသည်။




# ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယကဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ









● မကွေး၊ ဇွန်လ(၈)ရက်နေ့။

၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယကဖလား မြို့နယ်ပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ(၂)ရက်နေ့ နံနက်(၉)နာရီအချိန်က မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဖူဆယ်အားကစားရုံတွင်ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် မြို့နယ်အသီးသီးမှ အုပ်ချုပ်သူ/



နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင် မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်အား ပြိုင်ပွဲဝင် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများကိုယ်စား စစ်ကြောင်းမှူးက ပြိုင်ပွဲဖွင့်လှစ်ပေးရန် တန်းအပ်ခြင်းဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲဝင် အသင်းများမှ အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်အား ရွတ်ဆိုခဲ့ကြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြား၍ ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယကဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဇွန်လ(၇)ရက်နေ့ ညနေ(၃)နာရီအချိန်တွင် ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယကဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံး ဂိုးသမားဆုရရှိသော ချောက်မြို့နယ်အသင်းမှ

စာမျက်နှာ(၄၆)သို့






# ၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





● ကရင်၊ ဇွန်လ(၉)ရက်။

၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ(၃း၀၀)နာရီအချိန်တွင် ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်ဖူဆယ်ဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။



ရှေးဦးစွာပြိုင်ပွဲတွင်ကူညီဆောင်ရွက်ပေးခဲ့ကြသော အဖွဲ့များအား ဂုဏ်ပြုငွေနှင့် ပြိုင်ပွဲဝင် အသင်းများအား ဆုချီးမြှင့်ရာတွင် ဒိုင်အဖွဲ့ဂုဏ်ပြုငွေနှင့် ကြက်ခြေနီတပ်ဖွဲ့ ဂုဏ်ပြုငွေများအား ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှ လည်းကောင်း၊ တတိယဆုရရှိသော မြဝတီမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုမှ လည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီးခင်ဇော်မှလည်းကောင်း၊ ဂိုးသမားအကောင်းဆုံး အားကစားသမားဆုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှ လည်းကောင်း၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုအား ကရင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုအား ကရင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှလည်းကောင်း၊ တတိယဆုရရှိသော မြဝတီမြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆု ကျပ်(၅)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆု ကျပ်(၇)သိန်းကို ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဒေါ်ခင်ဆွေထွန်းမှလည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ကျပ်(၁၀)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးမှလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့ကြပြီး စုပေါင်းအမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။













# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ













● မွန်၊ ဇွန်လ(၉)ရက်။

မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နေ့လယ် (၁)နာရီတွင် မော်လမြိုင်မြို့ Top ဖူဆယ်ကွင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဗိုလ်လုပွဲတွင် ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်တို့ ယှဉ်ပြိုင်ကစားရာ ကျိုက်ထိုမြို့နယ်မှ သထုံမြို့နယ်ကို (၅)ဂိုး(၄)ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားတွင် ပထမဆုရရှိသော ကျိုက်ထိုမြို့နယ်အား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှလည်းကောင်း၊ ဒုတိယဆုရရှိသော သထုံမြို့နယ်အား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းမှ လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော ချောင်းဆုံမြို့နယ်အား ငွေသားဆုကို မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးမှ လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော သံဖြူဇရပ်မြို့နယ်အား ငွေသားဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်မှ လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုများကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများမှလည်းကောင်း အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■

▶ စာမျက်နှာ(၄၄)···မှအဆက်

မောင်မင်းခန့်အောင်အား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်မှလည်းကောင်း၊ အကောင်းဆုံး ဂိုးသွင်းအများဆုံးဆုရရှိသော ချောက်မြို့နယ်အသင်းမှ မောင်ထွန်းလင်းအောင်အား နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဆန်းမှ လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော ရေနံချောင်းမြို့နယ်အသင်းမှ မောင်နိုင်ဝင်းအား ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်မှ လည်းကောင်း၊ စတုတ္ထဆုရရှိသော သရက်မြို့နယ်အသင်းနှင့် တတိယဆုရရှိသော မကွေးမြို့နယ်အသင်းတို့အား တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော ချောက်မြို့နယ်အသင်းနှင့် ပထမဆုရရှိသော ရေနံချောင်းမြို့နယ်အသင်းတို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်မှ လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက်(၂၅)နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● ရန်ကုန်၊ ဇွန်လ(၁၃)ရက်။

၂၀၂၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၄)ခရိုင် အသက်(၂၅)နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ(၁၅:၀၀) နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဗိုလ်လုပြိုင်ပွဲအဖြစ် မရမ်းကုန်းခရိုင် အမျိုးသား ဖူဆယ်ဘောလုံးအသင်းနှင့် ဗိုလ်တထောင်ခရိုင် အမျိုးသား ဖူဆယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မရမ်းကုန်းခရိုင် အမျိုးသားဖူဆယ်ဘောလုံးအသင်းက (၁:၀)ဖြင့်အနိုင်ရရှိခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော ဒဂုံမြို့သစ်ခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆု ကျပ်(၂)သိန်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်မှလည်းကောင်း၊ ဒုတိယဆုရရှိသော အလုံခရိုင်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့်အတူ ငွေသားဆုကျပ်(၃)သိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းမှ လည်းကောင်း၊ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော မင်္ဂလာဒုံခရိုင်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့်အတူ ငွေသားဆုကျပ်(၂)သိန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး

စာမျက်နှာ(၄၉)သို့ ▶





# ၂၀၂၃ ခုနှစ်၊ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် ဘရူးနိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အသက်(၁၂)နှစ်အောက် အရှေ့တောင်အာရှဒေသတွင်း လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရယူခဲ့သည့်နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● ပဲခူး၊ ဇွန်လ(၂၇)ရက်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၂၃ခုနှစ်၊ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် ဘရူးနိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အသက်(၁၂)နှစ်အောက် အရှေ့တောင်အာရှဒေသတွင်း လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့်ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၉)နာရီခွဲအချိန်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာန



ဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရနည်းပြနှင့် အားကစားသမားများ တက်ရောက်ခဲ့ပါသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ ၂၀၂၃ခုနှစ်၊ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲ ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခု ရရှိသည့် မောင်မောင်လင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၃၂)သိန်း၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခု ရရှိသည့် မောင်စိုးပေအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၂၇)သိန်း၊ မြားပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၂)ခုရရှိသည့် မစိန်ဖော့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း(၂၀)အား လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး ဒေါ်စိုးစိုးသက်မှ ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရရှိသည့်မောင်အောင်ထွန်းလင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁၇)သိန်း၊ ရေကူးအားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရရှိသည့် မောင်မင်းထူးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၁၇)သိန်းအား လည်းကောင်း၊တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်မှ ပြေးခုန်ပစ်အား





စာမျက်နှာ(၄၇)…မှအဆက်

ဦးမျိုးမြင့်အောင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော ဗိုလ်တထောင်ခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆု ကျပ်(၃) သိန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းမှ အမျိုးသမီးဖူဆယ် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော သန်လျင်ခရိုင်အသင်းနှင့် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မရမ်းကုန်းခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုကျပ်(၅) သိန်းစီနှင့်အတူ တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော သန်လျင်ခရိုင်အသင်းအား သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထပ်ဆောင်းချီးမြှင့်ငွေကျပ် (၅)သိန်းအား သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက လည်းကောင်း၊ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မရမ်းကုန်းခရိုင်အသင်းအား မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထပ်ဆောင်းချီးမြှင့် ငွေကျပ် (၄)သိန်းအားလည်းကောင်း၊ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဗိုလ်တထောင်ခရိုင် အသင်းအားဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထပ်ဆောင်းချီးမြှင့်ငွေကျပ် (၂)သိန်းတို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။













ကစားနည်းဖြင့် ငွေတံဆိပ်(၁)ခု၊ ရရှိသည့် မောင်ဇော်မင်းလွင်အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၇) သိန်း၊ ပြေးခုန်ပစ် အားကစားနည်းဖြင့် ကြေးတံဆိပ်(၂)ခုရရှိသည့် မောင်အောင်မြင့်ဌေးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁၀)သိန်းအားလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက် ရေကူးအားကစားနည်းဖြင့် ကြေးတံဆိပ်(၂)ခုရရှိသည့် မောင်စိုးဝင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၁၀) သိန်း၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်အောင်မြင့်မြတ်အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅)သိန်းအားလည်းကောင်း၊ သံယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းမှ ပြေးခုန်ပစ်အားကစားနည်းဖြင့် ကြေးတံဆိပ်(၁) ခုရရှိသည့် မောင်ဟိန်းထက်လှိုင်အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၅)သိန်း၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်စိုးသန်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅) သိန်းအားလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးမှ အလေးမအားကစားနည်းဖြင့် ကြေးတံဆိပ်(၁) ခုရရှိသည့် မောင်မင်းဇော်ဝင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅)သိန်း၊ မျက်မမြင်ဂိုးဘောအားကစားနည်းဖြင့် ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်ဟန်ပိုင်စိုးအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅) သိန်းအားလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်မှ ဘရူးနိုင်းနိုင်ငံမှ ကျင်းပပြုလုပ်ခဲ့သည့် အသက်(၁၂)နှစ်အောက်အရှေ့တောင်အာရှဒေသတွင်း လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရရှိသည့် မရွှန်ချီချာအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၇)သိန်း၊ ငွေတံဆိပ်(၁)ခုရရှိသည့် မအေးအေးနွယ်အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၇)သိန်းအားလည်းကောင်း၊ ဥပဒေချုပ် ဦးခင်မောင်တင့်မှ ဘရူးနိုင်းနိုင်ငံမှ ကျင်းပပြုလုပ်ခဲ့သည့် အသက်(၁၂)နှစ်အောက် အရှေ့တောင်အာရှဒေသတွင်း လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်ဖီဆာဆဲအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅)သိန်း၊ ကြေးတံဆိပ်(၁)ခုရရှိသည့် မောင်ဂွာဆာဆီအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅)သိန်းအားလည်းကောင်း၊ အတွင်းရေးမှူး ဦးအေးမောင်ကြည်မှ ဘရူးနိုင်းနိုင်ငံမှ ကျင်းပပြုလုပ်ခဲ့သည့် အသက်(၁၂) နှစ်အောက် အရှေ့တောင်အာရှဒေသတွင်း လက်ရည်စစ်တင်းနစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့သည့် နည်းပြ ဦးခင်မောင်ဝင်းအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၅)သိန်းအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါအခမ်းအနားတွင် ဆုတံဆိပ်ရရှိသော မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုဆုငွေ စုစုပေါင်း(၁၉၄)သိန်း ချီးမြှင့်ခဲ့ပြီးနောက် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားအားအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း သိရှိရသည်။

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ထွက်ခွာ









● ရန်ကုန်၊ မေလ(၃၁)ရက်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇွန်(၃)ရက်မှ(၉)ရက်ထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယနေ့မွန်းလွဲ (၁၂)နာရီ (၄၀) မိနစ်က ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်း (စင်းလုံးငှား) လေယာဉ်အမှတ် UB-7011ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း၊အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အတူဖိတ်ကြားခံပုဂ္ဂိုလ်(၄)ဦး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ငွေကြေးစီမံခန့်ခွဲရေးဌာန ဗဟိုဘဏ္ဍာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် ဦးဆောင်သော နည်းပြ/အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် မသန်းစွမ်းအားကစားသမားများ စုစုပေါင်း(၁၂၆)ဦး လိုက်ပါသွားကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ Goalball(မျက်မမြင်)၊ အလေးမ၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော စသည့် အားကစားနည်း (၈)နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အသက်ရှည်ခြင်းတရား"
လေရှူ လမ်းလျှောက် ရေဗိုသောက်
အာဆီ သကြား ဆားလျှော့စား
မေတ္တာစိတ်ကိုပွား သက်ရှည်ကြောင်းတရား။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ နေ့အလိုက် ပါဝင်ယှဉ်ပြိုင်မှု

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများအား ကြိုဆိုနှုတ်ဆက်ခြင်း အခမ်းအနားကျင်းပ










● ကမ္ဘောဒီးယား၊ ဇွန်လ(၂)ရက်။

၂၀၂၃ ခုနှစ်၊ ဇွန်(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များအား ကြိုဆိုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် မြန်မာစံတော်ချိန်(၇)နာရီခွဲအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Sports Complex ၌ (Team Welcome Ceremony)



ကြိုဆိုရေးအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ H.E. Hun Many (Member of the Cambodian National Assembly) က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ တီမောလက်စတီနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံတော်အလံများကို လွှင့်တင်ခဲ့ပြီးနောက် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံများ၏ ကိုယ်စားလှယ်များမှ အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ပြီးနောက် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။





# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ








(၃.၆.၂၀၂၃)ရက်နေ့တွင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ Royal University of Phnom Penh တွင်ကျင်းပနေသော မျက်မမြင်စစ်တုရင်အားကစားနည်းမှ (Rapid Chess) Round 2 အမြန်ရွှေ့ပြိုင်ပွဲ မောင်ကောင်းစံ၊ မောင်သန်းဌေး၊ မောင်လင်းထက်နောင်၊ မောင်လှမိုး၊ မောင်မောရှေတို့ ယှဉ်ပြိုင်ကစားနေမှု။


# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

● ကမ္ဘောဒီးယား၊ ဇွန်လ(၄)ရက်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ဒေသစံတော်ချိန်(၄)နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium ၌ ကျင်းပပြုလုပ်ခဲ့ရာ အရှေ့တောင်အာရှပြိုင်ပွဲဝင်နိုင်ငံများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အုပ်ချုပ်သူ/နည်းပြများ၊ မသန်စွမ်းအားကစားသမားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် H.E Hun Many(Member of the Cambodian National Assembly)နှင့်ကမ္ဘောဒီးယားနိုင်ငံ အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် HUN SEN က (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက်(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမားများက မီးရှူးတိုင်အား လက်ဆင့်ကမ်းသယ်ဆောင်၍ ထွန်းညှိခဲ့ပြီး (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲအား ဖွင့်လှစ်ခဲ့သည်။







# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ



(၅.၆.၂၀၂၃)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ (အမျိုးသမီး) မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် ဒုတိယ(ငွေတံဆိပ်)ဆု ရရှိသွားသော မလော်လာဝင်း။





(၅.၆.၂၀၂၃)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ(အမျိုးသမီး) မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်)ဆုရရှိသွားသော မနန္ဒာလင်း။







(၅.၆.၂၀၂၃)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ (အမျိုးသား)မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုရရှိသွားသော မောင်စိုးပေနှင့် တတိယ(ကြေးတံဆိပ်)ဆုရရှိသွားသော မောင်အောင်မြင့်ဌေးတို့အား မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးမှ ဆုချီးမြှင့်နေစဉ်။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိ





● ကမ္ဘောဒီးယား၊ ဇွန်လ(၅)ရက်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို ယမန်နေ့ ဒေသစံတော်ချိန် နံနက်(၈)နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium Complex ၌ ကျင်းပပြုလုပ်ခဲ့ရာ (အမျိုးသမီး) သံလုံးပစ် (F55)ပြိုင်ပွဲ ပွဲစဉ်၌ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး(ရွှေတံဆိပ်)ဆုကို မထက်ထက်အေးက လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကို ဗီယက်နမ်နိုင်ငံက လည်းကောင်း၊ တတိယ(ကြေးတံဆိပ်)ဆုကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ (အမျိုးသမီး) သံလုံးပစ်(F64) ပြိုင်ပွဲပွဲစဉ်၌ မြန်မာနိုင်ငံမှ မစိန်ဖော့က ဒုတိယမြောက် (ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်)ဆုကိုအင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊တတိယ(ကြေးတံဆိပ်)ဆုကို ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း အသီးသီးရရှိခဲ့သည်။

ထို့နောက်(အမျိုးသမီး) အလျားခုန် (T64) ပြိုင်ပွဲတွင် မလော်လာဝင်းက ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း၊ (အမျိုးသမီး) အလျားခုန် (T44) ပြိုင်ပွဲတွင် မဝေဝေသင်းက ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း၊(အမျိုးသား) လက်ဆင့်ကမ်း မီတာ(4x100) (T42-47) ပြိုင်ပွဲတွင် မောင်စိုးပေ၊ မောင်အောင်မြင့်ဌေး၊ မောင်သူရဇော်နှင့် မောင်အောင်မြင့်မြတ်တို့က တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ထို့ပြင် ရေကူးအားကစားနည်းမှ မီတာ(၄၀၀)အမျိုးသား(Freestyle) ပြိုင်ပွဲတွင် မောင်အောင်မြင့်မြတ်က ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း၊ မီတာ(၁၀၀) အမျိုးသား (Breast Stroke)ပြိုင်ပွဲတွင် မောင်မင်းထူးက ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်

စာမျက်နှာ(၅၄)သို့

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ














စာမျက်နှာ(၅၃)···မှအဆက်

ဥက္ကဋ္ဌနှင့်အဖွဲ့သည် Morodok Techo Elephant Hall 2 တွင် ကျင်းပလျက်ရှိသည့် ထိုင်လျက်ဘော်လီဘော၊ National Olympic Stadium တွင် ကျင်းပလျက်ရှိသည့် ဘောလုံးပြိုင်ပွဲတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

(၄ ·၆ · ၂၀၂၃)ရက်နေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်ဂိုးလ်ဘော၊ မျက်မမြင်စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံးအားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၁)ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် မထက်ထက်အေးနှင့် မစိန်ဖော့ကို မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးကလည်းကောင်း၊ အခြားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများကလည်းကောင်း အသီးသီး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။(၅ · ၆ · ၂၀၂၃)ရက်နေ့ ပြိုင်ပွဲပွဲစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် မျက်မမြင်စစ်တုရင်၊ မျက်မမြင် ဂိုးလ်ဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊အလေးမ၊ဘောလုံး၊ပြေးခုန်ပစ်အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



(၅· ၆· ၂၀၂၃)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ(အမျိုးသား) မီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆု ရရှိသွားသော မောင်လင်းအား မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးမှ ဆုချီးမြှင့်နေစဉ်။



(၅ · ၆ · ၂၀၂၃)ရက်နေ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ(အမျိုးသမီး)မီတာ(၄၀၀)အပြေးပြိုင်ပွဲတွင် မဝေဝေသင်းမှ ဒုတိယ(ငွေတံဆိပ်)ဆုရရှိ။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်(၂)ခု ငွေတံဆိပ်(၂)ခုနှင့် ပြေးခုန်ပစ်အားကစားနည်းမှ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခု ထပ်မံဆွတ်ခူးရရှိ
















● နေပြည်တော်၊ ဇွန်လ(၅)ရက်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို ယနေ့နံနက် ဒေသစံတော်ချိန်(၈)နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပပြုလုပ်ခဲ့ရာ Morodok Techo National Stadium Aquatic Centre ၌ ကျင်းပလျက်ရှိသည့် ရေကူးအားကစားနည်း အမျိုးသား မီတာ(၅၀) ရင်ဘောင်တန်းကူး ပြိုင်ပွဲတွင်(မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်း)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ မောင်မင်းထူးက ရေကူးအားကစားနည်းအတွက် ပထမဆုံး(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊အမျိုးသားမီတာ(၁၀၀) ပက်လက်ကူး ပြိုင်ပွဲတွင် (မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်း)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ မောင်အောင်မြင့်မြတ်က ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၂၀၀) အလွတ်ကူးပြိုင်ပွဲတွင်(မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊မလေးရှားနှင့်ထိုင်း)နိုင်ငံတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ မောင်နိုဇင်က ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲတွင် (မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်း) နိုင်ငံတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ မောင်ကျော်ထူးက ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း၊ Morodok Techo National Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ် အားကစားနည်း အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်စည်သူထက်က ဒုတိယ(ငွေတံဆိပ်) ဆုကို လည်းကောင်း၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မထက်ထက်အေးက တတိယ (ကြေးတံဆိပ်)ဆုကို လည်းကောင်း ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက အသီးသီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ ရေကူး၊ ဘော်လီဘော၊ အလေးမ၊ ဘောလုံး၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် (၂)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ် (၁)ခု ထပ်မံရရှိခဲ့ကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် (၄)ခု၊ ငွေတံဆိပ်(၇)ခု၊ ကြေးတံဆိပ် (၂)ခု၊ စုစုပေါင်း ဆုတံဆိပ်(၁၃)ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

■

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်(၇)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၄)ခု၊ ရေကူးအားကစားနည်းမှ ငွေတံဆိပ်(၂)ခုနှင့် ကြေးတံဆိပ်(၃)ခု၊ အလေးမအားကစားနည်းမှ ငွေတံဆိပ်(၂)ခုနှင့် မျက်မမြင်စစ်တုရင်အားကစားနည်းမှ ကြေးတံဆိပ်(၂)ခုထပ်မံဆွတ်ခူးရရှိ




● ကမ္ဘောဒီးယား၊ ဇွန်လ(၇)ရက်။

၂၀၂၃ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက် ဒေသစံတော်ချိန်(၉)နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပပြုလုပ်ခဲ့ရာ Morodok Techo-national Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်တင်ညိုသည် အမျိုးသားလှံတံပစ် (F63)ပြိုင်ပွဲနှင့် သံလုံးပစ် (F63) ပြိုင်ပွဲတို့တွင် ပထမ(ရွှေတံဆိပ်)ဆု (၁)ခုစီကိုလည်းကောင်း၊

စာမျက်နှာ(၅၆)သို့ ▶

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ












စာမျက်နှာ(၅၅)···မှအဆက်

မောင်အောင်ဘုန်းမြတ်သည် အမျိုးသား သံလုံးပစ် (F46) ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုနှင့် အမျိုးသား သံပြားပစ် (F46)ပြိုင်ပွဲတွင် ဒုတိယ (ငွေတံဆိပ်)ဆု (၁)ခုစီကိုလည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ (T64) ပြိုင်ပွဲတွင် မောင်လင်းက ပထမ(ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသားသံလုံးပစ် (F63) ပြိုင်ပွဲတွင် မောင်တင်ညိုက ပထမ (ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား သံပြားပစ်(F64) ပြိုင်ပွဲတွင် မောင်ရဲမင်းစိုးက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီး လုံတံပစ် (F64) ပြိုင်ပွဲတွင် မစိန်ဖော့က ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီး သံပြားပစ် (F55) ပြိုင်ပွဲတွင် မထက်ထက်အေးက ပထမ(ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား သံပြားပစ် (F64) ပြိုင်ပွဲတွင် မောင်ဟိန်းထက်လှိုင်က တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၁၀၀)(T47) ပြိုင်ပွဲတွင် မနန္ဒာလင်းက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အလေးမအားကစားနည်းမှ အမျိုးသမီး(၈၆)ကီလိုတန်း (Total List)နှင့် (Best List) ပြိုင်ပွဲတွင် မငြိမ်းစန္ဒာအောင်က ဒုတိယ(ငွေတံဆိပ်)(၁)ခုစီကို လည်းကောင်း၊ မျက်မမြင် စစ်တုရင်အားကစားနည်းမှ အမျိုးသားတစ်ဦးချင်း (လုံး၀မမြင်) ပုံမှန်ရွှေ့ပြိုင်ပွဲတွင် မောင်ကောင်းစံက တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား(တစ်စိတ်တစ်ဒေသ)မျက်မမြင် အသင်းလိုက် ပုံမှန်ရွှေ့ပြိုင်ပွဲတွင် မောင်မောရှေ၊ မောင်လင်းထက်နောင်၊ မောင်လုမိုးတို့က တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ဆက်လက်ပြီးMorodok Techo National Stadium Aquatic Centre ၌ ကျင်းပလျက်ရှိသည့် ရေကူးအားကစားနည်းမှ အမျိုးသား မီတာ(၂၀၀) (၄)မျိုးကူးပြိုင်ပွဲတွင် မောင်အောင်မြင့်မြတ်က ဒုတိယ (ငွေတံဆိပ်) ဆုကို လည်းကောင်း၊ မောင်စိုးဝင်းသည် အမျိုးသား မီတာ (၄၀၀)အလွတ်ကူးပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်)နှင့် မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်)ဆုတို့ကို လည်းကောင်း၊ အမျိုးသား မီတာ(၅၀) လိပ်ပြာကူး ပြိုင်ပွဲတွင် မောင်ကောင်းမြတ်ကျော်က တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း ဆုတံဆိပ်များ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

စာမျက်နှာ(၅၈)သို့

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၂)ခုနှင့် အလေးမအားကစားနည်းမှ ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၂)ခု ထပ်မံဆွတ်ခူးရရှိ






● ကမ္ဘောဒီးယား၊ ဇွန်လ(၇)ရက်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက် ဒေသစံတော်ချိန် (၉)နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပပြုလုပ်ခဲ့ရာ Morodok Techonational Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ် အားကစားနည်း အမျိုးသား သံပြားပစ်(T63)ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်အောင်ထွန်းလင်းက ပထမ(ရွှေတံဆိပ်)ဆုနှင့် မောင်တင်ညိုက ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၄၀၀)(T64)ပြိုင်ပွဲတွင် မောင်လင်းမှ ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊အမျိုးသမီး မီတာ(၂၀၀) (T44) ပြိုင်ပွဲတွင် မဝေဝေသင်းက ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား လုံးတံပစ်(F56)ပြိုင်ပွဲတွင် မောင်စည်သူထက်က ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၄၀၀)(T64) ပြိုင်ပွဲတွင် မောင်စိုးပေက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသမီး မီတာ(၂၀၀)(F47) ပြိုင်ပွဲတွင် မနန္ဒာလင်းက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ National Paralympic Committee Hall ၌ ကျင်းပလျက်ရှိသည့် အလေးမအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ဝင်းဆန်းအောင်သည် အလေးမ အားကစားနည်း အမျိုးသား Total Lift (၇၂) ကီလိုတန်း ပြိုင်ပွဲတွင် ဒုတိယ(ငွေတံဆိပ်ဆု)နှင့် အမျိုးသား Best Lift ပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်ဆု)ကိုလည်းကောင်း၊ အမျိုးသား Total Lift (၈၀) ကီလိုတန်းပြိုင်ပွဲတွင် မောင်မင်းဇော်ဝင်းက တတိယ(ကြေးတံဆိပ်ဆု)ကိုလည်းကောင်း၊ ဆုတံဆိပ်များ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် Morodok Techonational Stadium Elephant Hall 1 ၌ကျင်းပလျက်ရှိသည့် ထိုင်လျက်ဘော်လီဘော(အမျိုးသား) အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့သည်။


ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ ရေကူး၊ ဘော်လီဘော၊ အလေးမ၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၅)ခုနှင့် ကြေးတံဆိပ်(၄)ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၇)ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ ရေကူး၊ ဘော်လီဘော၊ ဂိုးလ်ဘော၊ အလေးမ၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်(၇)ခု၊ ငွေတံဆိပ်(၁၄)ခုနှင့် ကြေးတံဆိပ်(၉)ခု၊ စုစုပေါင်းဆုတံဆိပ်(၃၀)ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

■





# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်(၁)ခုနှင့် ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ်(၁)ခု ထပ်မံဆွတ်ခူးရရှိ









● ကမ္ဘောဒီးယား၊ ဇွန်လ(၉)ရက်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့်(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက် ဒေသစံတော်ချိန်(၉)နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပပြုလုပ်ခဲ့ရာ Techo National Aquatic Stadium Centre ၌ ကျင်းပလျက်ရှိသည့် ရေကူးအားကစားနည်းမှ အမျိုးသား မီတာ(၁၀၀)အလွတ်ကူး (S6) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်အောင်မြင့်မြတ်က ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ Olympic Indoor Stadium ၌ ကျင်းပလျက်ရှိသည့် ဂိုးလ်ဘောအားကစားပြိုင်ပွဲ တတိယလုပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာအသင်းက မလေးရှားအသင်းကို (၁၄)ဂိုး-(၄)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တတိယ(ကြေးတံဆိပ်)ဆုကို ရရှိခဲ့သည်။


ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံမှ ရေကူးအားကစားနည်းအသင်း အုပ်ချုပ်သူ ဒုတိယဗိုလ်မှူးကြီး လောဟာအောင်နှင့် တာဝန်ရှိသူများက အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ ရေကူး၊ ဘော်လီဘော၊ မျက်မမြင်ဂိုးလ်ဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ်(၁၅)ခု၊ ငွေတံဆိပ်(၂၂)ခု၊ ကြေးတံဆိပ်(၁၉)ခု၊ စုစုပေါင်းဆုတံဆိပ်(၅၆)ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

■





▶ စာမျက်နှာ(၅၆)…မှအဆက်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ ရေကူး၊ ဘော်လီဘော၊ ဂိုးလ်ဘော၊ အလေးမ၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်(၇)ခု၊ ငွေတံဆိပ်(၈)ခုနှင့် ကြေးတံဆိပ်(၉)ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်(၁၄)ခု၊ ငွေတံဆိပ်(၂၂)ခုနှင့် ကြေးတံဆိပ်(၁၈)ခု၊ စုစုပေါင်းဆုတံဆိပ်(၅၄)ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းများ

## (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားသမားများ ပြန်လည်ရောက်ရှိကြိုဆို ရွှေတံဆိပ်(၁၅)ဆု၊ ငွေတံဆိပ် (၂၂)ဆု၊ ကြေးတံဆိပ်(၁၉)ဆုရရှိ

● ရန်ကုန်၊ ဇွန်လ(၁၁)ရက်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇွန်လ(၃)ရက်နေ့မှ(၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်(၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်(၁၅)ဆု၊ ငွေတံဆိပ်(၂၂)ဆု၊ ကြေးတံဆိပ်(၁၉)ဆု နိုင်ငံအလိုက် အဆင့်(၆)ရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ခေါင်းဆောင်သော အားကစားအဖွဲ့သည် ယမန်နေ့ည(၈း၃၀)နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေယာဉ် အမှတ်UB-7016မြန်မာအမျိုးသားလေကြောင်းလိုင်း (စင်းလုံးငှား)လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုခဲ့ပါသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့တွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်(၁၂)ဆု၊ ငွေတံဆိပ်(၁၃)ဆု၊ကြေးတံဆိပ်(၁၀)ဆု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်(၃)ဆု၊ ငွေတံဆိပ်(၆)ဆု၊ ကြေးတံဆိပ်(၄)ဆု၊ စစ်တုရင် အားကစားနည်းမှ ကြေးတံဆိပ်(၂)ဆု၊ အလေးမအားကစားနည်းမှ ငွေတံဆိပ်(၃)ဆု၊ကြေးတံဆိပ်(၂)ဆု၊ Goalball(မျက်မမြင်) အားကစားနည်းမှ ကြေးတံဆိပ်(၁)ဆု စုစုပေါင်း ဆုတံဆိပ် (၅၆)ဆု ရရှိခဲ့ကြောင်း သိရှိရသည်။

■













# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေး






● နေပြည်တော်၊ ဇွန်လ(၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် (၁၀)နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို Vitural Online စနစ်ဖြင့် ကြည့်ရှုအားပေးခဲ့သည်။




ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ရေကူး၊ဘော်လီဘော၊ အလေးမ၊ ဘောလုံး၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသား မီတာ(၅၀) ရင်ဘောင်တန်းကူး ပြိုင်ပွဲတွင် မောင်မင်းထူးက ရေကူးအားကစားနည်းအတွက် ပထမဦးဆုံး(ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား မီတာ(၁၀၀)ပက်လက်ကူးပြိုင်ပွဲတွင် မောင်အောင်မြင့်မြတ်က ပထမ(ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား မီတာ(၂၀၀)ပြိုင်ပွဲတွင် မောင်နိုဇင်က ဒုတိယ(ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၅၀)လိပ်ပြာကူး ပြိုင်ပွဲတွင် မောင်ကျော်ထူးက ဒုတိယ (ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း အမျိုးသား မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် မောင်စိုးပေက ပထမ(ရွှေတံဆိပ်)ဆုကိုလည်းကောင်း ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။











# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အသုံးပြုစရိတ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၅)ခုအတွက် တင်ဒါဖွင့်ဖောက်စစ်ဆေး ရွေးချယ်ခြင်း အခမ်းအနားကျင်းပ








● နေပြည်တော်၊ ဇွန်လ(၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၅)ခုနှင့် ပုသိမ်ရေကူးကန်အတွက် Thirt Party QC team ငှားရမ်းခြင်းလုပ်ငန်းတစ်ခုအတွက် တင်ဒါတင်သွင်းသည့်ကုမ္ပဏီများ၏ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကို နံနက်(၉)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)တွင်ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဗဟိုတင်ဒါကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် တင်ဒါလုပ်ငန်းများကို စိစစ်ရွေးချယ်ရာတွင် နိုင်ငံတော်မှထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ နောက်ဆုံးထုတ်ပြန်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်တို့နှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တင်ဒါလုပ်ငန်းများအလိုက် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီမှ ကြမ်းခင်းဈေးများအား သတ်မှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ တင်ဒါ Lot လုပ်ငန်းများအလိုက် ကြမ်းခင်းဈေးဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပြီး ကြမ်းခင်းဈေးအောင်မြင်သူများ၏ Profile နှင့် Technical များကို သက်ဆိုင်ရာအဖွဲ့များက ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ Profile, Technical နှင့် ဈေးနှုန်းရမှတ်အများဆုံး ရရှိသူ(၃)ဦးကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ ရွေးချယ်ပြီး ဝန်ကြီးဌာန EC ကိုတင်ပြကာ အတည်ပြုရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရေကူးကန် တည်ဆောက်ရေးလုပ်ငန်းမှာ အရေးကြီးလုပ်ငန်းဖြစ်ခြင်း၊ အားကစားသမားများနှင့် ပရိသတ်များဘေးအန္တရာယ်ကင်းရှင်းရေးတို့ ပါဝင်သည့်အတွက် အရည်အသွေးကောင်းမွန်သည့် ငွေကြေးခိုင်မာမှုရှိပြီး စိတ်ချရသည့်ကုမ္ပဏီများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း၊ QC လုပ်ငန်းမှာ ကြမ်းခင်းသတ်မှတ်ထားခြင်းမရှိဘဲ နိုင်ငံတော်မှ သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်ပြီး၊ တင်ဒါရွေးချယ်ရာတွင်လည်း အတွေ့အကြုံရှိပြီး၊ ခိုင်မာသည့် စိတ်ချရသော ကုမ္ပဏီများကိုသာ ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ ကြမ်းခင်းဈေးနှုန်း ဖွင့်ဖောက်ကြေငြာခြင်း၊ Lot အလိုက် ကုမ္ပဏီများမှ တင်သွင်းလာသော အဆိုပြုဈေးနှုန်းစာအိတ်(B)များအား ဖွင့်ဖောက်ကြေငြာပြီးနောက် ကြမ်းခင်းဈေးအောင်မြင်သည့်ကုမ္ပဏီများ၏ စာအိတ် (A)အား ဖွင့်ဖောက်စစ်ဆေးခြင်း၊ ပုသိမ်ရေကူးကန်တည်ဆောက်ရေးလုပ်ငန်းအတွက် Thirt Party (QC)ဆောင်ရွက်မည့် ကုမ္ပဏီများ၏ အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်စစ်ဆေးပြီး အခမ်းအနားအားရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဗဟိုတင်ဒါကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး






● နေပြည်တော်၊ ဇွန်လ(၁၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ အားကစားဥယျာဉ် စီမံကိန်းအတွင်း တည်ဆောက်လျက်ရှိသည့် အနောက်ဘက် အထူးတန်းပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လုပ်ရေး လုပ်ငန်းများအား သတ်မှတ် အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ အချိန်မီဆောက်လုပ်ပြီးစီးစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်အတွင်းရှိ ပွဲကြည့်စင်အား လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ပဒေသာအားကစားကွင်းရှိ ပွဲကြည့်စင်နှင့် အားကစားသမားအိပ်ဆောင်တို့အား လည်းကောင်း၊ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအတွင်းရှိ (၄)ထပ် သင်တန်းသား/သင်တန်းသူ အိပ်ဆောင်တည်ဆောက်နေမှု အခြေအနေတို့အား လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အဦများရေရှည်တည်တံ့စေရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်(၁၅)ခု၊ ငွေ

▶▶
















(၁၂.၆.၂၀၂၃)ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများ တွေ့ဆုံ။









တံဆိပ်(၂၂)ခုနှင့် ကြေးတံဆိပ်(၁၉)ခု၊ စုစုပေါင်း ဆုတံဆိပ်(၅၆)ခု ရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားအဖွဲ့များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သွားရောက်ဂုဏ်ပြုကြိုဆိုခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဇွန်လ(၁၁)ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မုန်တိုင်းဒဏ်ကြောင့် ပြည်နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားကွင်း/အားကစားရုံများ၊ ဝေသာလီအားကစားကွင်း၊ ဓညဝတီ အားကစားကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)ကျောင်းအတွင်းရှိ အားကစားကွင်း/ အားကစားရုံများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦ ပျက်စီးနေမှုများနှင့် ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပြုပြင်ရန် ကျန်ရှိသည့် အားကစားကွင်း/အားကစားရုံနှင့် အဆောက်အဦများအား အမြန်ဆုံး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီးနောက် ပြည်နယ်မှ ဝန်ထမ်းများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများ လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အားကစားရုံနှင့် ပွဲကြည့်စင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဇွန်လ(၂၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဇွန်(၂၀)ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ရွှေကြာပင် အားကစားကွင်းသို့ ရောက်ရှိပြီး အားကစားရုံနှင့်ပွဲကြည့်စင် တည်ဆောက်နေမှု အခြေအနေများအားကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။








# ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပ




● နေပြည်တော်၊ ဇွန်လ(၂၃)ရက်။

၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်(၇)နာရီအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းကို (၇)ဂိုး(၅)ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ(၃)နာရီခွဲအချိန်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၃)ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ









● နေပြည်တော်၊ ဇွန်လ(၂၇)ရက်။

၂၀၂၃ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့်(၃)တို့၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပရိသတ်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယနေ့အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်(၇)နာရီခွဲအချိန်တွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ)အသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ)အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို (၅)ဂိုး (၀)ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ(၃)နာရီခွဲအချိန်တွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က)အသင်းနှင့် ပညာရေးဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပညာရေးဝန်ကြီးဌာန(ခ)အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က)အသင်းကို (၃)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၆)ဂိုး (၀)ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား






● နေပြည်တော်၊ ဇွန်လ(၃၀)ရက်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်၍ ယနေ့မွန်းလွဲ(၂) နာရီခွဲတွင် Naypyitaw State Academy ၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၃၄ ရာခိုင်နှုန်းသည် အသက်(၁၅)နှစ်မှ (၃၅)နှစ်အတွင်းရှိသည့် လူငယ်လူရွယ်များဖြစ်ပါကြောင်း၊ လူငယ်များသည် တိုင်းပြည်၏အနာဂတ်ဖြစ်သည့်အတွက် နိုင်ငံတော်က အားကိုးအားထားရသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ နိုင်ငံ့တာဝန်များကို ပုခုံးပြောင်းတာဝန် ထမ်းဆောင်မည့်

စာမျက်နှာ(၆၇)သို့

# ၂၀၂၃ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ







● နေပြည်တော်၊ ဇွန်လ(၃၀)ရက်။

၂၀၂၃ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်(၇)နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ ၈၀၀ (အမျိုးသား/ အမျိုးသမီး) အပြေးပြိုင်ပွဲ၊ အလျားခုန် (အမျိုးသား/အမျိုးသမီး)၊ သံလုံးပစ်(အမျိုးသား/အမျိုးသမီး)၊မီတာ၁၀၀(အမျိုးသား/အမျိုးသမီး)၊ မီတာ 100 x 4 လက်ဆင့်ကမ်း (အမျိုးသား/အမျိုးသမီး)၊မီတာ 100 x 4 လက်ဆင့်ကမ်း(အမျိုးသား+အမျိုးသမီး) ပြိုင်ပွဲများကို ကျင်းပခဲ့သည်။




မီတာ ၈၀၀(အမျိုးသား)အပြေးပြိုင်ပွဲတွင် မောင်စီရမ်းပေါ့က ပထမ၊ မောင်ဖိုးချိုက ဒုတိယ၊ မောင်ထက်မြတ်အောင်က တတိယဆုများကိုလည်းကောင်း၊ မီတာ ၈၀၀ (အမျိုးသမီး) အပြေးပြိုင်ပွဲတွင် မကိမ်ရှန်းဒိတ်ဆာန်က ပထမ၊ မနန်းချယ်ရီခမ်းက ဒုတိယနှင့် မသင်းသင်းခိုင်က တတိယဆုများကို လည်းကောင်း၊ အလျားခုန် (အမျိုးသား)ပြိုင်ပွဲတွင် မောင်ဝိုင်ထက်ပိုင်က ပထမ၊ မောင်သူရိန်ထွန်းက ဒုတိယ၊ မောင်ဝင်းမိုးအောင်က တတိယဆုများကိုလည်းကောင်း၊ အလျားခုန် (အမျိုးသမီး) ပြိုင်ပွဲတွင် မခိုင်သဇင်ဦးက ပထမ၊ မမိုးကလျာစိုးက ဒုတိယ၊မသန္တာမြင့်က တတိယဆုများကို လည်းကောင်း၊ မီတာ ၁၀၀ (အမျိုးသား) အပြေးပြိုင်ပွဲတွင် မောင်စီရမ်းပေါ့က ပထမ၊ မောင်ထက်ညီညီနိုင်က ဒုတိယ၊ မောင်ထက်မြတ်အောင်က တတိယဆုများကိုလည်းကောင်း၊ မီတာ ၁၀၀ (အမျိုးသမီး)အပြေးပြိုင်ပွဲတွင် မကိမ်ရှန်းဒိတ်ဆာန်က ပထမ၊ မအိအိမိုးက ဒုတိယ၊ မအေးစန္ဒာက တတိယဆုများကိုလည်းကောင်း၊ သံလုံးပစ်(အမျိုးသား)ပြိုင်ပွဲတွင် မောင်ထက်ကောင်းဝေက ပထမ၊ မောင်ကောင်းထက်စံက ဒုတိယ၊ မောင်ဘီလိုင်ကြိုင်က တတိယဆုများကို လည်းကောင်း၊ သံလုံးပစ်(အမျိုးသမီး)ပြိုင်ပွဲတွင် မနွယ်နွယ်စန်းဝင်းက ပထမ၊ မစုနန္ဒာမိုးက ဒုတိယ၊ မသူဇာခင်က တတိယဆုများကို လည်းကောင်း၊ မီတာ 100 x 4 လက်ဆင့်ကမ်း (အမျိုးသား) အပြေးပြိုင်ပွဲတွင် မောင်ကောင်းထက်ဇော်နှင့် အဖွဲ့က ပထမ၊ မောင်ဝိုင်ထက်ပိုင်နှင့်အဖွဲ့က ဒုတိယ၊ မောင်တင်နိုင်ဝင်းနှင့်အဖွဲ့က တတိယဆုများကို လည်းကောင်း၊ မီတာ 100 x 4 လက်ဆင့်ကမ်း (အမျိုးသမီး)အပြေးပြိုင်ပွဲတွင် မသန္တာမြင့်နှင့်အဖွဲ့က ပထမ၊ မကေဇင်ဖြိုးနှင့်အဖွဲ့က ဒုတိယ၊ မခိုင်သဇင်ဦးနှင့်အဖွဲ့က တတိယဆုများကို လည်းကောင်း၊မီတာ100 x 4 လက်ဆင့်ကမ်း (အမျိုးသား+ အမျိုးသမီး) အပြေးပြိုင်ပွဲတွင် မောင်စီရမ်းပေါ့နှင့်အဖွဲ့က ပထမ၊ မောင်တင်နိုင်ဝင်းနှင့်အဖွဲ့က ဒုတိယ၊ မောင်မြင့်မြတ်ဗိုလ်နှင့်အဖွဲ့က တတိယဆုများကို လည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများအသီးသီးတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများမှ ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲများကိုကျင်းပခဲ့ရာ အုပ်စုပွဲစဉ်တွင် ပြိုင်ပွဲဝင် (Team A ၊ Team B ၊ Team C နှင့် Team D) အသင်း(၄)သင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ Team B မှ Team A ကို ၂ ပွဲ ၁ ပွဲဖြင့်လည်းအကောင်း၊ Team C မှ Team D ကို ၂ ပွဲ ၁ ပွဲဖြင့်လည်းအကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး တတိယလုပွဲစဉ်တွင် Team A အသင်းက Team D အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် Team C အသင်းက Team B အသင်းကို ၂ ပွဲ ၁ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန စတုတ္ထဆုရရှိသည့် Team D အသင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှလည်းကောင်း၊ တတိယဆုရရှိသည့် Team A အသင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှလည်းကောင်း၊ ဒုတိယဆုရရှိသည့် Team B အသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းမှလည်းကောင်း၊ ပထမဆုရရှိသည့် Team C အသင်းကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။













ကျောပုံးသတင်း…မှအဆက်

အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ အားကစားသည် ပြောင်းလဲလာသည့် အခြေအနေ အရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်သာမက နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့ပြီဟုလည်း ပြောကြားလိုပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ၊ အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများ များစွာရှိနေသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါမပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်ပွားသူ အရေအတွက်သည် ကမ္ဘာ့လူဦးရေ၏(၁၆) ရာခိုင်နှုန်း၊ သန်းပေါင်း(၁၃၀၀)ခန့်ရှိသည်ဟု ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ လူဦးရေ ၅ ဒသမ ၉၆၇ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသည်ဟုလည်း သိရပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာ မြင့်မားရေးတို့ကို အလေးထား လုပ်ဆောင်ပေးကြရန်လည်း လိုအပ်လာပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ(၃၂)၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်အနေဖြင့် မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေး

စာမျက်နှာ(၆၈)သို့







စာမျက်နှာ(၆၅)…မှအဆက်

လူငယ်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ အများအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ လူငယ်များ စာဖတ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ငယ်စဉ်အရွယ်ကတည်းက လေ့ကျင့်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လူငယ်စင်တာများထူထောင်၍ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်ကဏ္ဍ(၁၆)ရပ်တွင်ပါဝင်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များ (ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ) ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတကြွယ်ဝစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ကျင်းပပြုလုပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် နိုင်ငံတော်သာမက မိဘ၊ ဆရာ/ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် တာဝန်ပိုကြီးကြောင်း၊ ကျောင်းသား/ကျောင်းသူ လူငယ်များအနေဖြင့်လည်း တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုးစိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အနာဂတ်ကို ဦးဆောင်နိုင်သည့် လူငယ်များဖြစ်လာစေရန် ကြိုးစားနေထိုင်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အားကစားပစ္စည်းများကို Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်အား ပေးအပ်လှူဒါန်းခဲ့ပြီး ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ၊Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်နှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

■








စာမျက်နှာ(၆၇)‌ ‌ ‌မှအဆက်

ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ပြုစုပျိုးထောင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးစသည့် လိုအပ်ချက်များကို အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏အရေးသည် ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာက အထူးအာရုံစိုက် အလေးထားလာသည့်အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများတွင် အားကစားသမားဦးရေ အနည်းငယ်သာ ဖြစ်သော်လည်း ပြိုင်ပွဲဝင် အားကစားအမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားသမား (၆၉)ဦးဖြင့် ရွှေတံဆိပ်(၁၄)ခုအပါအဝင် စုစုပေါင်းဆုတံဆိပ်(၄၃)ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှု အဆင့်(၆)ရရှိခဲ့သည်ကို တွေ့ရပြီး ယခု(၁၂)ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း(၈)နည်း၊ အားကစားသမား(၈၂)ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်(၁၅)ခု၊ငွေတံဆိပ်(၂၂)ခု၊ ကြေးတံဆိပ်(၁၉)ခု၊စုစုပေါင်းဆုတံဆိပ်(၅၆)ခုရရှိပြီး ပြိုင်ပွဲဝင်(၁၁)နိုင်ငံအနက် အဆင့်(၆)ရရှိခဲ့ပါကြောင်း။

အဆိုပါ ပြိုင်ပွဲမှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူများ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများဖြစ်သည်ဟု မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုပါကြောင်း။

အခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း(၈)နည်းထဲတွင် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ်(၁၅)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ်(၂၂)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘော အားကစားနည်းများမှ ကြေးတံဆိပ်(၁၉)ခု ရရှိခဲ့ပါကြောင်း၊ ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများ တွင် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်၊ ဇွန် ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက်(ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား စုစုပေါင်း ၈ နိုင်ငံတို့မှ အားကစားသမား ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၁ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၃ ခု၊ စုစုပေါင်းဆုတံဆိပ် ၇ခုရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ထည့်သွင်းချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုသည်လည်း လူတစ်ဦးချင်းစီအတွက် အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ထည့်သွင်းကျင်းပမှု မရှိခဲ့ခြင်းကြောင့် အဖွဲ့ချုပ်က ဖိတ်ခေါ်ပြိုင်ပွဲအနေဖြင့် အားဖြည့်ဆောင်ရွက်သည့် ပြိုင်ပွဲဟု သိရပါကြောင်း။

ဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင်










စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများ ဖြစ်ကြသည့်အပြင် နိုင်ငံအလိုက် ထိုက်သင့်သည့် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကိုမှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပြိုင်ပွဲအောင်မြင်စေရေးအတွက် ပံ့ပိုးကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း ဆက်လက်အားပေးချီးမြှောက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဆုတံဆိပ်များ ရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့်ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် အလေးအနက်တိုက်တွန်း မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း “မသန်လည်း လူသန်လည်းလူ စွမ်းဆောင်မှုသာအဓိက” ဆိုသည့် အဖွဲ့ချုပ်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အားကစားသမားများကို မြန်မာလူမျိုးတို့၏ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မွေးမြူပြီး ဆက်လက်လေ့ကျင့်သွားစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားမောင်မယ်များအနေဖြင့်လည်း လာမည့် အားကစားပြိုင်ပွဲများ၌လည်း ယခုထက် ပိုမိုအောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်၊ စည်းကမ်းတို့ဖြင့် ရေကုန်ရေခမ်း ဆက်လက်အားထုတ်ကြိုးပမ်းကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်

စာမျက်နှာ(၇၀)သို့













စာမျက်နှာ(၆၉)...မှအဆက်

ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့်အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် ၂ ခုနှင့်ငွေတံဆိပ် ၂ ခုရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ်အားကစားနည်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ မီတာ ၁၅၀၀ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ခုနှင့် မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် မောင်လင်း၊ သံလုံးပစ်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၂ ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် တပ်ကြပ်ကြီး တင်ညို၊ သံလုံးပစ်ပြိုင်ပွဲနှင့် သံပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၂ ခုနှင့် လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခုရရှိခဲ့သည့် မထက်ထက်အေး၊ သံလုံးပစ်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခု ရရှိခဲ့သည့် မစိန်ဖော့၊ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ခု၊ မီတာ ၂၀၀ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ခုနှင့် မီတာ၄၀၀ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခုရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ရေကူးအားကစားနည်း မီတာ ၅၀ ရင်ဘောင်တန်းကူး ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် မောင်မင်းထူး၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်အောင်ဘုန်းမြတ်၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ် ရဲမင်းစိုး၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်)ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြေးခုန်ပစ် အားကစားနည်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေ-တံဆိပ် ၁ခု၊ မီတာ ၄၀၀ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မဝေဝေသင်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ မီတာ ၄၀၀ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် မလော်လာဝင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ခု၊ လုံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်စည်သူထက်၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် ၂ ခုရရှိခဲ့သည့် မငြိမ်းစန္ဒာအောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ညို့နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်တပ်မတော်အရာရှိကြီးများက ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၁ ခုနှင့် ကြေးတံဆိပ် ၂ ခုရရှိခဲ့သည့် အားကစားသမား တပ်ကြပ်စိုးပေနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်













နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့ အားကစားနည်းမှ ရွှေတံဆိပ် ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ် ၁၂၉၅ သိန်းဖြစ်ကြောင်းနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာ ငွေကျပ် ၁၂၈၀၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။






# (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်)ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်




● နေပြည်တော်၊ ဇွန်လ(၁၇)ရက်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင်

စာမျက်နှာ(၆၇)သို့